# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၉၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အိန္ဒိယနိုင်ငံ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အိန္ဒိယနိုင်ငံ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**


နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် — ပြည်တွင်းသတင်း — စာ ၇

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များ အလို့ငှာ ယာယီသမ္မတတာဝန်လွှဲအပ်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်မျှအရေးပါသနည်း — ဆောင်းပါး — စာ ၁၀



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval အား လက်ခံတွေ့ဆုံစဉ်။

**“မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေများနှင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ အမြင်ချင်းဖလှယ်”**

❑ *ရှေ့ဖုံးမှ*

အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် သိပ္ပံနှင့် နည်းပညာ၊ အကောက်ခွန်ဆိုင်ရာကိစ္စများ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် e – Government ဦးဆောင်ကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## e-Government ဦးဆောင်ကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

# e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

- **e-Government သည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ ပင်မတွန်းအားဖြစ်သည့် Digital Economy ကို ဖော်ဆောင်နိုင်ရန်အတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်**
- **နိုင်ငံတော်၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးခရီးစဉ်ကို လျင်မြန်လွယ်ကူချောမွေ့စေရန် အထောက်အပံ့ကောင်းများ ပေးစွမ်းနိုင်မည်ဖြစ်သည့်အတွက် အောင်မြင်အောင် မဖြစ်မနေအကောင်အထည်ဖော်ဆောင်သွားကြရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်**

**နေပြည်တော် ဇူလိုင် ၂၆**

e – Government ဦးဆောင်ကော်မတီ၏(၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ e–Government ဦးဆောင်ကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ e–Government ဦးဆောင်ကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ e–Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

**အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်**

ဦးစွာ e–Government ဦးဆောင်ကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် e–Government သည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ပင်မတွန်းအားဖြစ်သည့် Digital Economy ကို ဖော်ဆောင်နိုင်ရန်အတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးခရီးစဉ်ကို လျင်မြန်လွယ်ကူချောမွေ့စေရန် အထောက်အပံ့ကောင်းများ ပေးစွမ်းနိုင်မည်ဖြစ်သည့်အတွက် အောင်မြင်အောင် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်သွားကြရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို ပြောကြားလိုကြောင်း။

e–Government ကို အစိုးရ၏ မဟာဗျူဟာစီမံကိန်းများနှင့် လုပ်ငန်းများတွင် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုများတွင် နည်းပညာ၏အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေပြီး ထင်သာမြင်သာရှိသည့် ရလဒ်ကောင်းများနှင့် အချိန်တိုတိုအတွင်း အကျိုးရှိပြီး ထိရောက်အောင်မြင်မှုများ ရရှိလာစေနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ICT နည်းပညာများ စနစ်တကျဖွံ့ဖြိုးလာစေရေး ရည်ရွယ်ပြီး ၂၀၀၅ ခုနှစ်တွင် ပထမ Myanmar ICT Development Master Plan၊ ၂၀၁၀ ပြည့်နှစ်တွင် ဒုတိယ Myanmar ICT Development Master Plan တို့ကို ရေးဆွဲခဲ့ကြောင်း၊ ထို့နောက် e–Government လုပ်ငန်းများကို အရှိန်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် Myanmar e–Governance Master Plan (2016–2020) ကို ဆက်လက်ရေးဆွဲခဲ့ကြောင်း၊ အဆိုပါရေးဆွဲခဲ့သည့် Master Plan များတွင် ပါဝင်သည့် e–Government လုပ်ငန်းစဉ်များကို အစိုးရဌာနအဖွဲ့အစည်းများအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါတွင် နိုင်ငံတော်ကချမှတ်သည့် မူဝါဒသစ်များ၊ ဒစ်ဂျစ်တယ်နည်းပညာသစ်များ လျင်မြန်စွာ ပြောင်းလဲမှုတို့နှင့် ကိုက်ညီမှုရှိစေရန်အတွက် ယခင်ကရေးဆွဲခဲ့သည့် e – Governance Master Plan (2016–2020)ကို ပြန်လည်ဆန်းစစ် ဖြည့်စွက်ပြင်ဆင်ပြီး “Myanmar e–Governance Master Plan 2030” ကို မူကြမ်းရေးဆွဲခဲ့ပြီး ဖြစ်ကြောင်း၊ အဆိုပါမူကြမ်းကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့က ကျင်းပသည့် e–Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)တွင် e–Government ဦးဆောင်ကော်မတီကို လမ်းညွှန်မှုခံယူရန် ဆက်လက်တင်ပြ ဆောင်ရွက်မည်ဟု ဆုံးဖြတ်ထားသည့်အတွက် ယခုအစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

**မိုဘိုင်းဖုန်းအသုံးပြုမှုတိုးတက်များပြားလာ**

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် အစိုးရ၏ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို Myanmar National Portal၊ Myanmar Nat–ional Trade Portal စသည့် National Portal များနှင့် အစိုးရဝန်ကြီးဌာနများအသီးသီး၏ အင်တာနက်စာမျက်နှာများမှတစ်ဆင့် ပြည်သူများ လွယ်ကူချောမွေ့စွာရရှိနိုင်ရန် ဖြန့်ဖြူးပေးခြင်းများကို ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း၊ ထို့ပြင် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအရ ICT Infrastructure များသည် အချိန်တိုအတွင်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာပြီး မိုဘိုင်းဖုန်းအသုံးပြုမှုများသည်လည်း တစ်ရှိန်ထိုး တိုးတက်များပြားလာကြောင်း၊

မိုဘိုင်းဆက်သွယ်ရေးအသုံးပြုပြီး အစိုးရ၏ ဝန်ဆောင်မှုများကို ပြည်သူများ နေရာအနှံ့အပြားက ရယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နည်းပညာများ မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အကျိုးကျေးဇူးများ ရှိသကဲ့သို့ တစ်ဖက်တွင်လည်း ဆိုက်ဘာတိုက်ခိုက်မှု၊ ဆိုက်ဘာရာဇဝတ်မှုများ သိသိသာသာမြင့်တက်လာပြီး အစိုးရအဖွဲ့အစည်းများသည် ဆိုက်ဘာလုံခြုံရေးနှင့် စပ်လျဉ်းသည့် အန္တရာယ်များနှင့် ပိုမိုရင်ဆိုင်လာရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆိုက်ဘာလုံခြုံရေးအစီအမံများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒကို ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ပြင် ဆိုက်ဘာလုံခြုံမှုကို ဥပဒေနှင့်အညီ ထိန်းကျောင်းသွားနိုင်ရေးအတွက် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာပါဝင်နိုင်မည့် ဆိုက်ဘာလုံခြုံရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ မြန်မာနိုင်ငံ၏ e–Government ခရီးရှည်တွင် ယခုကဲ့သို့ထင်ရှားသည့် မှတ်တိုင်များကို တည်ဆောက်နိုင်ခဲ့သည့်အတွက် ကုလသမဂ္ဂက ထုတ်ပြန်သည့် UN e–Government Development Index (EGDI) တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၆၉ တွင်ရှိနေရာက ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၃၄ ဖြစ်လာပြီး ၃၅ ဆင့် တိုးတက်လာခဲ့ကြောင်း၊ အလားတူ အစိုးရနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် အုပ်ချုပ်မှုပုံစံကို ပုံဖော်နိုင်ခဲ့ပြီး အစိုးရ၏စီမံခန့်ခွဲအုပ်ချုပ်မှုလုပ်ငန်းရပ်များကို ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတွင် ပြည်သူများ၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များ၊ ထင်မြင်ယူဆချက်များနှင့် အကြံပြုချက်များ ပါဝင်နိုင်မှုကိုလည်း ပြသနိုင်ခဲ့သည့်အတွက် ကုလသမဂ္ဂက ထုတ်ပြန်သည့် e–Participation Index (EPI)တွင် ၂၀၁၆ ခုနှစ်၌ အဆင့် ၁၇၀ ရှိရာမှ ၂၀၂၂ ခုနှစ်၌ အဆင့် ၁၁၇ အထိ ၅၃ ဆင့် တိုးတက်လာခဲ့သည့် ရလဒ်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

**ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်**

Digital Economy နှင့် Digital Government ကို ကူးပြောင်းခြင်းသည် အုပ်ချုပ်မှုနှင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများဖြစ်ကြောင်း၊ မျှော်မှန်းချက်များ ပြည့်မီစေရန် အစိုးရ၏လုပ်ငန်းဆောင်တာများ၊ လုပ်ဆောင်မှုပုံစံများ ပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်အညီ မဆောင်ရွက်နိုင်ပါက ဝန်ဆောင်မှုများ အရည်အသွေးမပြည့်မီခြင်း၊ ရန်ပုံငွေမလုံလောက်ခြင်း၊ အရင်းအမြစ်များနှင့် စီးပွားရေးအခွင့်အလမ်းများ ဆုံးရှုံးခြင်း စသည်များဖြစ်ပေါ်လာနိုင်သည့်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီးကြောင်း။ *စာမျက်နှာ ၅ သို့*

## ❖ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ ပိုမိုကျယ်ပြန့်ပြီး ပိုမိုလုံခြုံစိတ်ချရသည့် ဒစ်ဂျစ်တယ် ဝန်ဆောင်မှုများ ပေးနိုင်ခြင်းဆိုသည့်အချက်ပေါ်တွင် မှီတည်နေ

## ❖ ထို့ကြောင့် မိမိတို့မျှော်မှန်းသည့် Digital အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာများ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များလျော့ပါးလာစေရေးနှင့် ပြည်သူဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို မျက်ခြည်မပြတ် ကြိုးပမ်းဆောင်ရွက်

*စာမျက်နှာ ၄ မှ*

အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်စပ်ဆောင်ရွက်ခြင်းမရှိဘဲ သီးခြားရပ်တည်ဆောင်ရွက်နေကြသည့် လုပ်ဆောင်ချက်များကို တားဆီးရန်လိုအပ်ကြောင်း၊ အစိုးရဌာနများအချင်းချင်းအကြား အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် စနစ်များနှင့်နည်းပညာများကို အသုံးပြုပြီး ICT infrastructure များနှင့် အချက်အလက်များကို မျှဝေအသုံးပြုသွားကြရမည်ဖြစ်ကြောင်း။

### သတင်းအချက်အလက်လုံခြုံရေး

အစိုးရဌာနများအားလုံး မျှဝေအသုံးပြုနိုင်ရန် ရည်ရွယ်ပြီး တည်ဆောက်ခဲ့သည့် e-Government Data Center၊ Myanmar National Portal၊ One Map Myanmar Geo Portal၊ Government Cloud၊ Government e-Mail နှင့် e-ID အစရှိသည့် စီမံကိန်းများသည် အစိုးရ၏စွမ်းဆောင်နိုင်ရည်နှင့် သတင်းအချက်အလက်လုံခြုံရေးကို မြှင့်တင်ပေးနိုင်သောထင်ရှားသည့်သာဓကများပင် ဖြစ်ကြောင်း။

အွန်လိုင်းအသုံးပြုပြီး လုပ်ငန်းဆောင်ရွက်မှုများ ကျယ်ပြန့်များပြားလာသည်နှင့် အမျှ အီလက်ထရွန်နစ်နည်းလမ်းနှင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှု၊ ငွေပေးချေမှု၊ ငွေတောင်းခံမှု၊ ငွေကြေးဆိုင်ရာ အချက်အလက်များပေးပို့မှု စသည့် Digital Payment များကို ပိုမိုအသုံးပြုနိုင်မှုများ မြင့်တက်လာသကဲ့သို့ တရားဝင်မှုနှင့် စစ်ဆေးခံနိုင်မှုများက စိန်ခေါ်မှုများအဖြစ် တွေ့ရှိလာရကြောင်း၊ ထို့ပြင် အရေးကြီးသည့်၊ ထိခိုက်မခံသည့် သတင်းအချက်အလက်များ ပျက်စီးဆုံးရှုံးခြင်းက ကာကွယ်ရန် Backup စနစ်များ၊ Disaster Recovery စနစ်များ တည်ဆောက်ထားရှိရန်လည်း လိုအပ်ကြောင်း။

e-Government စနစ်များကိုတည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ် စသည့်အရင်းအမြစ်များ လိုအပ်ကြောင်း၊ ယခုကဲ့သို့ လိုအပ်သည့်အရင်းအမြစ်များကို မျှတအသုံးပြုသွားနိုင်ရန်နှင့် အစိုးရဌာနများက အကောင်အထည်ဖော်နေသည့် စီမံကိန်းများကို အောင်မြင်နိုင်ခြေမြင့်မားရန် ဦးဆောင်ကော်မတီက စနစ်တကျလမ်းညွှန်မှုပြုပြီး ကြီးကြပ်ကွပ်ကဲသွားရမည်ဖြစ်ကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် ပိုမိုပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်များ မျှဝေမှု၊ ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စိတ်အားထက်သန်စွာ ထောက်ခံအားပေးရန်လည်း လိုအပ်ကြောင်း။

### e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်

ယနေ့ကမ္ဘာတွင် ဒစ်ဂျစ်တယ်အသွင်ကို အောင်မြင်စွာ ကူးပြောင်းနိုင်သည့် နိုင်ငံများသည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာနေသည်ကို အထင်အရှား တွေ့မြင်ရကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ပိုမိုကျယ်ပြန့်ပြီး ပိုမိုလုံခြုံစိတ်ချရသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ပေးနိုင်ခြင်းဆိုသည့် အချက်ပေါ်တွင် မှီတည်နေကြောင်း၊ ဒစ်ဂျစ်တယ်အစိုးရဆိုသည်မှာ ဒစ်ဂျစ်တယ်စွမ်းရည်နှင့် ဒစ်ဂျစ်တယ် ရင့်ကျက်ပြည့်စုံမှုများဆီကို ဦးတည်ရမည်ဖြစ်ခြင်းကြောင့် ယခင်ဆယ်စုနှစ်များက ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည့် e-Government ၏ ပုံရိပ်ကို တိုးမြှင့်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့ မျှော်မှန်းသည့် Digital အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာများ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များလျော့ပါးလာစေရေးနှင့် ပြည်သူဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို မျက်ခြည်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။



e – Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရှင်းလင်းတင်ပြစဉ်။

### ရှင်းလင်းတင်ပြ

ထို့နောက် e – Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မြန်မာနိုင်ငံတွင် e-Government စတင်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ e- Government စနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အင်တာနက်ဝန်ဆောင်မှုများ တိုးချဲ့နိုင်ရေး၊ ဝန်ကြီးဌာနများအချင်းချင်း ချိတ်ဆက်အသုံးပြုနိုင်သည့် EDMS စနစ်များ ချိတ်ဆက်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ မိုဘိုင်းဖုန်းများသုံးစွဲမှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှု၊ e – Government စနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် e – Government ဦးဆောင်ကော်မတီကို အမျိုးသားအဆင့် ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ e – Government စနစ် တိုးတက်ရေးအတွက် Myanmar e-Government Master Plan 2030 ကိုရေးဆွဲဆောင်ရွက်ခဲ့မှု၊ နည်းပညာကျွမ်းကျင်သည့် ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိမှု၊ သတင်းအချက်အလက်များ လုံခြုံမှုရှိစေရေး ဆောင်ရွက်ခဲ့မှုနှင့် မြန်မာယူနီကုတ်စနစ်ကို ဆောင်ရွက်ခဲ့မှု၊ ဆိုက်ဘာလုံခြုံရေးဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ခဲ့မှု၊ e- Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူများအား ကောင်းမွန်ပြည့်စုံသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံ၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး e-Government ဦးဆောင်ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် e – Government ဦးဆောင်ကော်မတီအတွင်းရေးမှူး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှုမွန်က e – Government ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ကော်မတီဝင်များက e – Government လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ e-Government ဦးဆောင်ကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် နည်းပညာကျွမ်းကျင်သည့် ဝန်ထမ်းများမွေးထုတ်ပေးနိုင်ရေး၊ နည်းပညာကျောင်းများမှ လူသားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ဝန်ကြီးဌာနများအလိုက် ဌာနတွင်း e- Government များကို ပြည့်စုံစွာဖြင့် ဆောင်ရွက်ရန်နှင့် ထိုမှတစ်ဆင့် ဝန်ကြီးဌာနများအချင်းချင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် e- Government စနစ်ဖြင့် ချိတ်ဆက်၍ လုပ်ငန်းများဆောင်ရွက်နိုင်အောင် အဆင့်ဆင့်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတင်းအချက်အလက်လုံခြုံမှုရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်ခဲ့ပြီး e- Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဖျာပုံအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

**ဖျာပုံ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်စန်းဝင်းသည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ ဖျာပုံခရိုင် တရားသူကြီး ဒေါ်မိုးမိုးခိုင်တို့နှင့်အတူ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ဖျာပုံ အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်ခင်စန်းဝင်းနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်၊ ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၎င်းတို့၏ ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ/မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှု ရှိ/မရှိ၊ စားသောက်ရာတွင် အာဟာရ သင့်တင့်မျှတမှု ရှိ/မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ/မရ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး မေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ခရိုင်ပြန်/ဆက်)**

## စဉ့်ကိုင်၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသ

**စဉ့်ကိုင် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင်များက ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် အခြေခံပညာ အထက်တန်းကျောင်း (စဉ့်ကိုင်)၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသသည်။

အဆိုပါ မီးငြိမ်းသတ်ရေးနှင့် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါ တုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများကို သိရှိပြီး ဘေးအန္တရာယ် လျော့ပါးစေရေးအတွက် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၂၀ တို့က စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်က လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mrs. Ponnamperuma Arachchige Prabashini Ponnamperuma နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာများတွင် အတူတကွ အပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား သင်တန်းသားများ စေလွှတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး ကျင်းပခဲ့မှု အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအားလုံးနှင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) ကို လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) နှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ဟိုင်းကြီးကျွန်းမြို့၌ ဒီရေတောသစ်ပင်စိုက်ပျိုး

**ဟိုင်းကြီးကျွန်း ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ဂေဟစနစ်ကောင်းမွန်စေရန်အတွက် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၅ ရက်က အမှတ်(၁)ရပ်ကွက် တစ်ဖက်ကမ်းရှိ သောင်ပြင်၌ သစ်တောဦးစီးဌာနနှင့် မြို့အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဟိုင်းကြီးကျွန်းမြို့ သစ်တောဦးစီးဌာန တာဝန်ရှိသူများက စိုက်ပျိုးမည့်အပင်များကို တက်ရောက်လာသော ရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများထံ ပေးအပ်ပြီး သမဲ့ပင် ၅၀၀၊ မဒမပင် ၂၀၀၊ ဗြူးအုပ်ဆောင်းပင် ၄၀၀ စုစု ပေါင်းအပင် ၁၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးပေးကြကြောင်း သိရသည်။

**လှိုင်မျိုးအောင် (ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

သံအမတ်ကြီး၏ သိလိုသည့်အချက်အလက်များအား ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



# နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို အစဉ်အလေးထား စီမံဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတော်၏တာဝန်ထမ်းဆောင်ရာတွင် စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးကို အထောက်အကူဖြစ်စေရန်အတွက် အခါအားလျော်စွာ လစာနှုန်းထားတိုးမြှင့်ခြင်းနှင့် အပိုထောက်ပံ့ကြေးခံစားခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ နိုင်ငံ့ဝန်ထမ်းများအား လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လ ကျပ် ၃၀,၀၀၀/- ကို လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစဉ်ထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၃၀,၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/- ကို အပိုထောက်ပံ့ကြေးအဖြစ် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစ၍ လစဉ်ခံစားခွင့်ပြုမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့ပြီး လက်ရှိပင်စင်ခံစားနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက်လည်း အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀,၀၀၀/- ကို လစဉ် ခံစားခွင့်ပြုမည်ဖြစ်ပါသည်။ အဆိုပါ ထောက်ပံ့ကြေးများအား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှ စတင်ခံစားခွင့်ပြုမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး သဘာပတိအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

**နိုင်ငံအလိုက်ရှင်းလင်းပြောကြား**

ထို့နောက် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများက ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း လုံခြုံရေးဆိုင်ရာ သမားရိုးကျစိန်ခေါ်မှုများနှင့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အတူတကွပေါင်းစည်း ဖြေရှင်းနိုင်ရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်များကို နိုင်ငံအလိုက် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အိမ်ရှင်မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးက ယမန်နေ့က ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးမှ ထွက်ပေါ်လာသည့် တင်ပြချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်က အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ ကဏ္ဍခွဲနှင့် အမျိုးသားလုံခြုံရေးနှင့် သက်ဆိုင်သည့်ကဏ္ဍများအလိုက် တိုးတက်မှုအခြေအနေများကို သုံးသပ်ရှင်းလင်းတင်ပြကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ဆက်လက်၍ ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများက အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ သက်ဆိုင်ရာ လုံခြုံရေးကဏ္ဍအလိုက် ထိရောက်သည့် သတင်းအချက်အလက်များ ပိုမိုပူးပေါင်းမျှဝေနိုင်ရေး၊ ဒေသတွင်း လက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာအခြေအနေ၊ ကြုံတွေ့လာနိုင်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိရမည့် အခြေအနေနှင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် ဆွေးနွေးချက်များအပေါ် အစည်းအဝေးသဘာပတိ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်က ဒေသတွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဦးစားပေး အကောင်အထည်ဖော်ရမည့်အချက်များနှင့် အနာဂတ်တွင် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းချက်ဖြစ်သည့် ဘင်းမ်စတက်နိုင်ငံများ၏ လုံခြုံရေး ပူးပေါင်း ဆောင်ရွက်မှုများတွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေး (Food Security) နှင့် စွမ်းအင်လုံခြုံမှု (Energy Security) တို့အတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှသည် ပြည်သူလူထုအသီးသီး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအထိ အထောက်အပံ့ဖြစ်စေရေး ပူးပေါင်းဆောင်ရွက်ကြရေး အလေးထားဆောင်ရွက်နိုင်ရန် ပြောကြားခဲ့သည်။**

**“ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းချက်ဖြစ်သည့် ဘင်းမ်စတက်နိုင်ငံများ၏ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများတွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေး (Food Security) နှင့် စွမ်းအင်လုံခြုံမှု (Energy Security) တို့အတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှသည် ပြည်သူလူထုအသီးသီး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအထိ အထောက်အပံ့ဖြစ်စေရေး ပူးပေါင်းဆောင်ရွက်ကြရေး အလေးထားဆောင်ရွက်နိုင်ရန် ပြောကြားခဲ့ ”**

အစည်းအဝေး အပြီးတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး သဘာပတိ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (ဝဲပုံ) သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအား ယနေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။**



ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့တွင် သီရိလင်္ကာနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) ကို လည်းကောင်း (ယာပုံ)၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORN-PIPAT ကို လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအချင်းချင်း၊ ဒေသတွင်း ဘင်းမ်စတက်လုံခြုံရေး ဆိုင်ရာ နိုင်ငံများအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုများမှ တစ်ဆင့်တွေ့ကြုံနေရသည့်စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှု အခြေအနေနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇူလိုင် ၂၆**






အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏



ဇနီးများအား ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel ၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire ၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne (Retd)WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့် ၎င်းတို့၏ ဇနီးများ၊ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီအဖွဲ့ဝင်များ ဖြစ်သည့် ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများသည် M Gallery ဟိုတယ်၌ ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ၊ ရိုးရာအထိမ်းအမှတ်ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (ဝဲပုံ)

ထို့နောက် ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ ဇနီးများနှင့်အတူ ညစာကို ချစ်ကြည်ရင်းနှီးစွာ အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှု အကအလှများ၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများ၏ ရိုးရာအကများ၊ ဘင်းမ်စတက် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကပြကြသည်။ **(အပေါ်ပုံ)**

ညစာစားပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများက သီဆိုကပြဖျော်ဖြေပေးကြသည့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့်အမှတ်တရလက်ဆောင်ပေးအပ်ပြီးစုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)** **သတင်းစဉ်**



**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဇူလိုင် ၂၆** အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီးတို့သည် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဇနီးများ၊ အဖွဲ့ဝင်များ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့နှင့် အတူ ယနေ့တွင် နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့က ဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များဖြင့် အနုပညာလက်ရာကွဲပြားစွာ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက် ၂၄ ဆောင်၊ အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ တို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဘင်းမ်စတက်အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဓာတ်ပုံတို့ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့အတူ ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၏ ဇနီးများသည် ယနေ့နံနက်ပိုင်းက နေပြည်တော်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြကာ စေတီတော်လိုဏ်အတွင်းရှိ မြန်မာလက်မှုအနုပညာများဖြင့် ထွင်းထုပူဇော်ထားသည့် ဗုဒ္ဓဖြစ်စဉ်တော်များနှင့် ဗုဒ္ဓရုပ်ပွားတော်များကို ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ လက်ခံရယူ၍ ပန်းပေါင်းစုံဆင်းတုတော်များကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတီတော်ကြီးပရိဝုဏ်အတွင်း ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြသည်။

ယင်းနောက် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၏ ဇနီးများသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြည့်ရှုကြပြီး **(ဝဲပုံ)** အမျိုးသားပြတိုက်သို့ ဆက်လက်သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ခံက ပြတိုက်နောက်ခံသမိုင်းအကျဉ်း၊ ပြတိုက်ဆိုင်ရာ အချက်အလက်များ၊ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြကွင်းပြကွက်များကို လိုက်လံရှင်းလင်းပြသကြသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေး



**ဘားအံ ဇူလိုင် ၂၆** ကရင်ပြည်နယ် ဘားအံမြို့တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ် (၇၅၀ စင်တီမီတာ) အထက်သို့ ကျော်လွန်ရောက်ရှိလာပြီး ဘားအံမြို့ရှိ မြေနိမ့်ပိုင်း လူနေရပ်ကွက်များအတွင်းသို့ မြစ်ရေများ ဝင်ရောက်လာသည့်အတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ယာယီရေဘေးကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်ပေးနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ ကမ်းနားလမ်းတွင် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိလာမှုအခြေအနေ၊ အမှတ်(၅) ရပ်ကွက် မြေနိမ့်ပိုင်းရှိ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ရွှေယဉ်မျှော်ပြည်တော်ဇေတီတော်၊ အမှတ်(၃)ရပ်ကွက်ဆိုင်ကလုန်း ရှက်တာ၊ အမှတ်(၁) ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမ၊ အမှတ်(၅) ရပ်ကွက် ဆိုင်ကလုန်းရှက်တာတို့တွင် ရေဘေးသင့်ပြည်သူများအား ယာယီပြောင်းရွှေ့နေရာချထားပေးနိုင်ရေး၊ ရေ၊ မီး၊ မိလ္လာ ပြည့်စုံလုံလောက်မှုရှိစေရေး၊ ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေးနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများအလိုက် အနီးကပ်အုပ်ချုပ်ထောက်ပံ့မှု ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုဖွဲ့တာဝန်ပေးအပ်ထားမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား၍ စိုက်ပျိုးပြီး မိုးစပါးနှင့်မိုးသီးနှံများ ရေကြီးနစ်မြုပ်ထိခိုက်ခဲ့ပါက တောင်သူများအတွက် ထောက်ပံ့ပေးနိုင်ရန် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ မြေဩဇာဂိုဒေါင်အတွင်း မျိုးစပါး၊ သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများ သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်လွှဲအပ်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်မျှအရေးပါသနည်း

မင်းခန့်ကျော်(ဥပဒေ)

ယခုလ ၂၃ ရက်နေ့ထုတ်သတင်းစာများတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ကြောင်း သတင်းတစ်ပုဒ်ကို ဖတ်ခဲ့ရသည်။ ဒီသတင်းထွက်ပေါ်လာပြီးတဲ့နောက်မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယာယီသမ္မတတာဝန်တွေ လွှဲယူလိုက်ပြီ၊ ဒါဟာအခြေခံဥပဒေနဲ့မညီညွတ်ဘူး **စသည်ဖြင့် သတင်းရဲ့ ဆိုလိုရင်းကိုသိရှိအောင် သေချာစွာမဖတ်သည့်အပြင် ဥပဒေပြဋ္ဌာန်းချက်များ၏ ဆက်စပ်မှုကို ဂဃနဏမသိဘဲ ဥပဒေကို လိုရာဆွဲပြီး အမျိုးမျိုးဝေဖန်** ကြတာကို တွေ့ရသည်။

### ယာယီသမ္မတရုံးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အကြောင်းကြားစာ ပေးပို့လာခဲ့

သတင်းစာသားကို သေသေချာချာဖတ်ရှုကြည့်မည်ဆိုပါက ယာယီသမ္မတ၏ကျန်းမာရေးအခြေအနေအရ**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ** ယာယီသမ္မတဦးမြင့်ဆွေ ဆေးခွင့်ယူ၍ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန်ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတတာဝန်လစ်ဟင်းနေစဉ်ကာလတို့တွင် ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲအပ်ဆောင်ရွက်စေမည်ဖြစ်ကြောင်း ယာယီသမ္မတရုံးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အကြောင်းကြားစာ ပေးပို့လာခဲ့သည်ဆိုသည့်အချက်ကို တွေ့ရသည်။ ထိုကဲ့သို့အကြောင်းကြားစာပေးပို့ခဲ့ပြီးသည့်နောက်မှာတော့ ၂၂-၇-၂၀၂၄ ရက်နေ့တွင် တာဝန်လွှဲပြောင်းအပ်နှံမှုအား လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည်ဆိုသည့် အချက်ကိုလည်း တွေ့ရသည်။

အထက်ပါအချက်နှစ်ချက်ကို ကြည့်မည်ဆိုပါက ယာယီသမ္မတက သူ့ရဲ့ယာယီသမ္မတ တာဝန်ဝတ္တရားတွေကို အလုံးစုံလွှဲပြောင်းခြင်းမဟုတ်သလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ယာယီသမ္မတအဖြစ် လွှဲပြောင်းခန့်အပ်ခြင်းမဟုတ်ကြောင်းကို တွေ့ရှိရမည်ဖြစ်သည်။

### ပုဒ်မ ၄၂၆ မှ ၄၂၉ အထိ ပြဋ္ဌာန်းချက်များတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုသာ ရည်ညွှန်းပြဋ္ဌာန်း

ယင်းအချက်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုရာဆွဲမပြောဘဲ ဆက်စပ်ပြဋ္ဌာန်းချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ချဉ်းကပ်ကြည့်ရန် လိုမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်းခြင်းတွင် "နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၁၂၊ ပုဒ်မခွဲ(ခ)တွင် "နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များစုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီထုတ်ပြန်ကြေညာနိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၂၅ တွင် "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော်သက်တမ်းကုန်ဆုံးသွားချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၂၆ မှ ၄၂၉ အထိ ပြဋ္ဌာန်းချက်များတွင် နိုင်ငံတော်သမ္မတအား ရည်ညွှန်းပြဋ္ဌာန်းခြင်းမရှိတော့ဘဲ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုသာ ရည်ညွှန်းပြဋ္ဌာန်းသည်ကို တွေ့ရသည်။

> ☆ **ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုရာဆွဲမပြောဘဲ ဆက်စပ်ပြဋ္ဌာန်းချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ချဉ်းကပ်ကြည့်ရန် လိုမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်းခြင်းတွင် "နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၁၂၊ ပုဒ်မခွဲ(ခ) တွင် "နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များစုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီထုတ်ပြန်ကြေညာနိုင်သည်" ဟု ပြဋ္ဌာန်းထား**

### အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်

အထက်ပါပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်မရှိသည့် ယခုကဲ့သို့ အရေးပေါ်ကာလအခြေအနေတွင် ယာယီသမ္မတ၏အခန်းကဏ္ဍမှာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပချိန်တစ်ခုတည်းတွင်သာ ဦးဆောင်ရန်ရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို မလွဲမသွေကျင်းပရမည့် အချိန်များရှိသည်။ ထို့ကြောင့် ယာယီသမ္မတအနေဖြင့် ၎င်း၏ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ဦးဆောင်ကျင်းပရန်မဖြစ်နိုင်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ဖော်ဆောင်နိုင်ရေး နိုင်ငံတော်အတွက် အမြော်အမြင်ကြီးစွာဖြင့် ၎င်းဆေးခွင့်ယူ၍ တာဝန်ဝတ္တရားများဆောင်ရွက်ရန် ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတ တာဝန်လစ်ဟင်းနေစဉ် ကာလတို့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပနိုင်ရန်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်သာ ၎င်း၏ တာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်တစ်ဦးကို လွှဲအပ်ခြင်းဖြစ်သည်။

> ❖ ပုဒ်မ ၄၂၅ တွင် "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးသွားချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၂၆ မှ ၄၂၉ အထိ ပြဋ္ဌာန်းချက်များတွင် နိုင်ငံတော်သမ္မတအား ရည်ညွှန်းပြဋ္ဌာန်းခြင်းမရှိတော့ဘဲ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုသာ ရည်ညွှန်းပြဋ္ဌာန်းသည်ကို တွေ့ရ

### ယာယီသမ္မတအဖြစ် လွှဲပြောင်းခန့်အပ်ခြင်း မဟုတ်သည်ကို သတိပြုမိရန်လို

အခြား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များရှိပါလျက် မည်သည့်အတွက်ကြောင့် ၎င်း၏တာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ရပါသနည်းဟု မေးခွန်းထုတ်ဖွယ်ရှိပါသည်။ ပထမအချက်ကိုပြောရမည်ဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်တစ်ဦးဖြစ်ခြင်း၊ ဒုတိယအချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးဆောင်ရွက်လျက်ရှိသူဖြစ်ခြင်း၊ တတိယအချက်အနေဖြင့် ပုဒ်မ ၄၁၂ အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက ညှိနှိုင်းရမည့်အဖွဲ့ဝင်များတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်ခြင်း စသည့်အချက်များကြောင့် **ယာယီသမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ခြင်းဖြစ်**သည်။ ယာယီသမ္မတအဖြစ် လွှဲပြောင်းခန့်အပ်ခြင်းမဟုတ်သည်ကို သတိပြုမိရန်လိုသည်။

အချုပ်အားဖြင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာထားမှု အခြေအနေမှသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ဖော်ဆောင်၍ ဒီမိုကရေစီ အစိုးရတစ်ရပ် ပေါ်ထွန်းလာနိုင်ရန်အတွက် **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ ယာယီသမ္မတက**

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ပျဉ်းမနား-သပြေတောင်ထပ်ဆင့်လွှင့်စက်ရုံ) တွင် လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ပျဉ်းမနား–သပြေတောင်ထပ်ဆင့်လွှင့်စက်ရုံ) ၌ လုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ထပ်ဆင့်လွှင့်စက်ရုံညွှန့်ရိပ်သာ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပျဉ်းမနား – သပြေတောင်ထပ်ဆင့်လွှင့်စက်ရုံဆိုင်ရာ အချက်အလက်များ၊ ပျဉ်းမနား–သပြေတောင်ထပ်ဆင့်လွှင့်စက်ရုံ၏ ထပ်ဆင့်လွှင့်လုပ်ငန်းတာဝန်နှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် အခမ်းအနားများနှင့် အစည်းအဝေးများအတွက် PA (Public Address) များ ဆောင်ရွက်နေမှု၊ ပုဂ္ဂလိကရုပ်သံလွှင့်စက်များနှင့် အခြားဌာနများမှ Tower ပေါ်တွင် Antenna များ တပ်ဆင်ဆောင်ရွက်မှု၊ ပြင်ပရိုက်ကူးရေးဌာနစိတ်၏ ရိုက်ကူးမှုများနှင့် ဝန်ကြီးဌာနများမှ ရိုက်ကူးပေးပို့မှုများအား ဆက်လက်ပေးပို့ရေးဆောင်ရွက်မှု၊ ပြင်ပရိုက်ကူးရေးဌာနစိတ်၏ နေပြည်တော်တွင် ရိုက်ကူးရေးတာဝန်ထွက်ခွာဆောင်ရွက်မှု၊ ဝန်ထမ်းများသွား/လာ ပို့ဆောင်ရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်ပေးမှု၊ ဝန်ထမ်းများအတွက် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနေမှု၊ လုံခြုံရေးနှင့်မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ပျဉ်းမနား–သပြေတောင် ထပ်ဆင့်လွှင့်စက်ရုံတွင် လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်မည့် အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရုပ်သံရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေး၊ လျှပ်စစ်မီးဦးစားပေးရရှိရေးတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြည်သူလူထုထံ မှန်ကန်သည့်သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြိုးစားဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ပျဉ်းမနား – သပြေတောင် ထပ်ဆင့်လွှင့်စက်ရုံတွင် ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တည်ဆောက်မည့် လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး တည်ဆောက်မည့်မြေနေရာနှင့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပျဉ်းမနား - သပြေတောင်ထပ်ဆင့်လွှင့် စက်ရုံလွှင့်စက်များဖြင့် ထုတ်လွှင့်မှုအပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် ထည့်သွင်းရန်အတွက် ဝန်ကြီးဌာနများမှ ရိုက်ကူးပြီး သတင်းအရုပ်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း)သို့ ပေးပို့သည့် Up Link လုပ်ငန်းစဉ်ဆောင်ရွက်မှုနှင့် FM–Radio၊ DVB–T2 ထုတ်လွှင့်မှုစက်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပျဉ်းမနား – သပြေတောင်ထပ်ဆင့်လွှင့်စက်ရုံတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအိမ်ရာနှင့် အဆောင်များ၊ စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထပ်ဆင့်လွှင့်စက်ရုံတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းလေးဦး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အမျိုးသမီးကင်မရာသတင်းထောက် လေးဦးနှင့် China Radio International သို့ သွားရောက် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်း နှစ်ဦးတို့ကို ကင်မရာကိုင်တွယ်အသုံးပြုထိန်းသိမ်းမှုနှင့် ရိုက်ကူးရေးအခြေခံရက်တိုသင်တန်း ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်ရွယ်ချက်များနှင့်အညီ ထုတ်လွှင့်ရေး ဆောင်ရွက်မှုများကို ပျဉ်းမနားထပ်ဆင့်လွှင့်စက်ရုံမှ Digital စနစ်ဖြင့် MRTV–HD အပါအဝင် Free to Air ရုပ်သံ (၁၈)လိုင်းကို မိုင် ၂၀ ပတ်လည်အတွင်း အရုပ်အသံအရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိသည့်အပြင် မြန်မာ့အသံ, MRI နှင့် ပုဂ္ဂလိက FM ရေဒီယိုအစီအစဉ်များကိုလည်း ကြည်လင်ပြတ်သားစွာ နားဆင်နိုင်ရေး ထပ်ဆင့်ထုတ်လွှင့်ပေးလျက်ရှိသည်။

ထို့ပြင် နေပြည်တော်အတွင်း သတင်းနှင့်အစီအစဉ်များ ရိုက်ကူးရေးနှင့် PA System ဆောင်ရွက်ကြသည့် ဝန်ထမ်းများသည်အဆိုပါ ထပ်ဆင့်လွှင့်စက်ရုံဝင်းအတွင်း အခြေပြု၍ နိုင်ငံတော်အဆင့် အခမ်းအနားများ၊ အစည်းအဝေးများနှင့် ဝန်ကြီးဌာနဆိုင်ရာ ရိုက်ကူးရေးများ၊ ရုပ်သံအစီအစဉ် ရိုက်ကူးရေးများနှင့် အသံစနစ်ဆိုင်ရာလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

ငင်း၏ တာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ခြင်းသည် မည်မျှအရေးကြီးကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအား ပုဂ္ဂလဓိဋ္ဌာန်မပါဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ချဉ်းကပ်သုံးသပ်ကြမည်ဆိုလျှင် ပကတိအမှန်တရားကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း ရေးသားဖော်ပြ လိုက်ရပေသည်။ ။

**❊ ယာယီသမ္မတအနေဖြင့် ၎င်း၏ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို ဦးဆောင်ကျင်းပရန်မဖြစ်နိုင်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ဖော်ဆောင်နိုင်ရေး နိုင်ငံတော်အတွက် အမြော်အမြင်ကြီးစွာဖြင့် ၎င်းဆေးခွင့်ယူ၍ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန် ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတ တာဝန်လစ်ဟင်းနေစဉ်ကာလတို့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပနိုင်ရန်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်သာ ၎င်း၏ တာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်တစ်ဦးကို လွှဲအပ်ခြင်းဖြစ်**

---

## ဟုမ္မလင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရေးဆွဲနည်းသင်တန်းဖွင့်လှစ်

**ဟုမ္မလင်း ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ကျေးရွာလူထုကိုယ်တိုင်ဖော်ထုတ်၍ ကျေးရွာလူထုကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ရသော ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း (VDP) ရေးဆွဲနည်းသင်တန်းကို ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ကျေးရွာများ၏ သယံဇာတပြမြေပုံရေးဆွဲခြင်း၊ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲခြင်း၊ ဖွံ့ဖြိုးကွင်းဆက်၊ အိမ်ခြေ၊ အိမ်ထောင်စု အချက်အလက်များ ကောက်ယူခြင်း၊ ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲခြင်း၊ အုပ်စုဖွဲ့ ဖွံ့ဖြိုးရေးစီမံချက်များဖော်ထုတ်ခြင်း စသည်တို့ကို သင်တန်းနည်းပြ ဒုတိယဦးစီးမှူး ဒေါ်အေးမွန်ကျော်က စာတွေ့လက်တွေ့ သင်ကြားပေးသည်။

ထို့နောက် ၂၀၂၄ –၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာများဖြစ်သည့် ဆန်ကျိန်းကျေးရွာ၊ တုံလုံကျေးရွာနှင့် နောင်လွန်ကျေးရွာများ၌ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၂၅၄ အိမ်မှ လူဦးရေ ၁၆၃၄ ဦး အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးရာဇွေးထံမှ သိရသည်။

**ယွန်း (မုံရွာ၊ ကိုယ်ပွား)**

---

**ရတနာသစ်တော၊ ပြည့်သွေးကြော**
**သစ်တောရတနာ၊ ထိန်းသိမ်းပါ**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



ဒီနေ့မှာတော့ ရှမ်းပြည်နယ်မြောက်ပိုင်းအခြေအနေများနဲ့ဖြစ်ပေါ်နေတဲ့အခြေအနေများကို ပြောပါမယ်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဟာ ဇူလိုင်လ ၃ ရက်နေ့မှာ လားရှိုးမြို့အနီးတစ်ဝိုက်ကို စတင်တိုက်ခိုက်ခဲ့ပါတယ်။ အလားတူပဲ TNLA အကြမ်းဖက်အဖွဲ့ဟာ နောင်ချို၊ ကျောက်မဲ၊ မိုးကုတ်မြို့တွေကို တိုက်ခိုက်ခဲ့တာတွေ ရှိပါတယ်။ ဒီလိုတိုက်ခိုက်ခဲ့ရာမှာ စစ်ဘက်ဆိုင်ရာနေရာများထက် သာမန်ပြည်သူတွေနေတဲ့နေရာတွေကို ရှေ့တိုက်ဒုံး၊ ဒရုန်းတွေနဲ့ ဖုံးကြဲတိုက်ခိုက်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတွေရဲ့ အသက်၊ အိုး၊ အိမ်၊ စည်းစိမ်တွေ ဆုံးရှုံးခဲ့ရပါတယ်။ ဘာသာရေးအဆောက်အအုံတွေ၊ လမ်းတံတားတွေ၊ ပြည်သူပိုင်ဆေးရုံဆေးခန်း၊ စာသင်ကျောင်းတွေ ထိခိုက်ပျက်စီးခဲ့ရပါတယ်။ လားရှိုးမြို့တစ်ခုတည်းမှာပဲ ကျွန်တော်တို့ စာရင်းကောက်လို့ရသမျှ ကလေးငယ် ၅ ဦး အပါအဝင် ပြည်သူ ၃၀ သေဆုံးပြီး ဒဏ်ရာရရှိသူ ၅၅ ဦးရှိခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများဟာ မိမိတို့အနှစ်နှစ်အလလ၊ သားစဉ်မြေးဆက် ရှာဖွေစုဆောင်းတည်ဆောက်ခဲ့ရတဲ့ အိမ်တွေ၊ ဆိုင်တွေ၊ လုပ်ငန်းတွေ၊ ပိုင်ဆိုင်မှုတွေကို စွန့်ခွာထွက်ပြေးရပြီး တိုက်ပွဲရှောင်ခဲ့ရပါတယ်။ ယခုလက်ရှိအခြေအနေမှာ MNDAA, TNLA, AA အကြမ်းဖက်သောင်းကျန်းသူများနဲ့ သူတို့နဲ့ပူးပေါင်းနေတဲ့ PDF အကြမ်းဖက်များရဲ့ မြို့ရွာများကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် အဲဒီဒေသတွေကနေ နေရပ်စွန့်ခွာထွက်ပြေးပြီး ပြင်ဦးလွင်မြို့၊ တောင်ကြီးမြို့နဲ့ မန္တလေးမြို့အပါအဝင် အခြားမြို့ရွာတွေကို ရောက်ရှိခိုလှုံနေရသူ တိုင်းရင်းသားပြည်သူဦးရေ အမြောက်အမြားရှိနေပါတယ်။ သူတို့ကို နိုင်ငံတော်အစိုးရ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ Volunteer လူမှုကူညီရေးအသင်းများ၊ ပုဂ္ဂလိကစေတနာရှင်ပြည်သူများက ကူညီထောက်ပံ့ပေးနေတာကိုလည်း တွေ့ရပါတယ်။ သောင်းကျန်းသူများရဲ့ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာရတဲ့ ပြည်သူများကို သွားလာရာလမ်းတစ်လျှောက်မှာ တတ်နိုင်သလောက် ကူညီစောင့်ရှောက်ပေးခဲ့တဲ့ စေတနာရှင်တိုင်းရင်းသားပြည်သူများရဲ့ ကူညီလိုစိတ်၊ ဝိုင်းဝန်းလိုစိတ်နဲ့ မြန်မာဆိုတဲ့စိတ်ထားကို အထူးဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ ဒီလို ပြည်ထောင်စုစိတ်၊ မြန်မာစိတ်ရှိတဲ့ ပြည်သူလူထုက လူသားချင်းစာနာစိတ်နဲ့ဆောင်ရွက်နေချိန်မှာ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်တွေကိုဖျက်ဆီးနေတဲ့ ခေါင်းပြဆန်ဆန်အဖွဲ့အစည်းဖြစ်တဲ့ သောင်းကျန်းသူအဖွဲ့တွေကို အားပေး၊ အားမြှောက်လုပ်နေတဲ့၊ ပြည်ပကိုထွက်ပြေးတိမ်းရှောင်ပြီး ပြည်ပအားကိုး ပုဆိန်ရိုးလုပ်နေတဲ့ သူတွေ၊ အဖွဲ့အစည်းတွေ၊ မီဒီယာတွေကိုလည်း စိတ်ပျက်ဖွယ်တွေ့ရပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားပြည်သူလူထုရဲ့ သေကျေပျက်စီးမှု၊ အိုးအိမ်နေရာဖျက်ဆီးဆုံးရှုံးခံရမှု၊ ပြည်သူပိုင် လမ်း၊ တံတား၊ စာသင်ကျောင်း၊ ဆေးရုံ၊ ကိုးကွယ်ရာနေရာတွေဖြစ်တဲ့ ဘုရား၊ ကျောင်း၊ ဘာသာရေးအဆောက်အအုံတွေ ပျက်စီးရမှုတွေကို ဝမ်းသာအားရဖြစ်နေတဲ့ သူတွေဟာ သူတို့ရဲ့စိတ်ထဲမှာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့ ပြည်သူလူထုအပေါ်မှာ ဘယ်လောက်ထိ ကောက်ကျစ်စဉ်းလဲတဲ့စိတ်၊ ဖျက်လိုဖျက်ဆီးစိတ်ရှိတယ်ဆိုတာကို အထင်းသားပေါ်လွင်ပြသနေတာ ဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းပြီး ထိထိရောက်ရောက် ပြတ်သားစွာဆန့်ကျင်ကြရပါမယ်။

မနေ့က MNDAA အကြမ်းဖက်အဖွဲ့က လားရှိုးမြို့ကို သိမ်းပိုက်နိုင်ပြီဆိုပြီး ကြေညာခဲ့တာ တွေ့ရပါတယ်။ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က တာဝန်ရှိသူတစ်ဦးက အဲဒီသတင်းနဲ့ ပတ်သက်ပြီး ဒီသတင်းဟာ မဟုတ်မမှန်ကြောင်းနဲ့ မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်မှုသာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီ MNDAA အကြမ်းဖက်အဖွဲ့ရဲ့ ကြေညာချက်ထွက်ပြီး အချိန်အနည်းငယ်အတွင်းမှာပဲ BPLA ဆိုတဲ့ ဗမာသစ္စာဖောက်လောက်ကောင်အဖွဲ့ကလည်း သံယောင်လိုက်ပေးတာတွေ၊ ခေါင်းဆောင်လုပ်တဲ့သူကလည်း မီဒီယာများကို ပြောကြားပေးတာတွေ၊ ထုံးစံအတိုင်းပဲ ပြည်ဖျက်မီဒီယာတွေ၊ ပြည်ပအားကိုး ပုဆိန်ရိုးတွေက အုတ်အော်သောင်းတင်း ဝါဒဖြန့်တာတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ပိုပြီးထူးခြားတာက တရုတ်ဘာသာစကားနဲ့ TikTok, Wechat စာမျက်နှာတွေမှာ ဝါဒဖြန့်မှုတွေကို အရေအတွက်များစွာ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရပါတယ်။ ဒီအဖျက်သမားတွေ ဘာကိုရည်ရွယ်တာလဲ၊ ဒီမဟုတ်မမှန်သတင်းကို အရှိန်အဟုန်နဲ့ ဘာလို့ဖြန့်သလဲဆိုတာ ကျွန်တော်တို့ ပြည်သူလူထု၊ လုံခြုံရေးအဖွဲ့အစည်းများအားလုံး သိဖို့ လိုအပ်ပါတယ်။

MNDAA, TNLA နဲ့ PDF အကြမ်းဖက်အဖွဲ့တွေဟာ ဒီဇူလိုင်လအတွင်းမှာ လားရှိုး၊ နောင်ချို၊ ကျောက်မဲ၊ သီပေါဒေသတစ်ဝိုက်တိုက်ပွဲတွေမှာ သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံး၊ ထွက်ပြေးသူတွေ တော်တော်များခဲ့ပါတယ်။ ဒါ့ကြောင့် စစ်ဘေးရှောင်ပြည်သူတွေ၊ သူတို့ မတရားသိမ်းပိုက်ခဲ့တဲ့ရွာတွေက ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုများအပါအဝင် တိုင်းရင်းသားပြည်သူလူထုကို မတရားဖမ်းဆီးပြီး တိုက်ပွဲဝင်ခိုင်းခဲ့ပါတယ်။ သေကျေပျက်စီးမှု ထပ်မံရှိခဲ့ပါတယ်။ ဒါကြောင့် သူတို့ရဲ့အခြေအနေမှန်ကို ဖုံးကွယ်ဖို့၊ သူတို့ရဲ့ စိတ်ဓာတ်ရေးရာထိခိုက်နေမှုကို ဖုံးကွယ်ဖို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ထပ်မံအသိပေးလိုတာကတော့ ဒီ MNDAA , TNLA နဲ့ အခြားအကြမ်းဖက်ခေါင်းပြအဖွဲ့မှာ မတရားစုဆောင်းခံထားရတဲ့ ပြည်သူလူထုအနေနဲ့ ဘေးကင်းရာကို ထွက်ပြေးလာရောက်နိုင်ပါတယ်။ ကျွန်တော်တို့ တပ်မတော်နဲ့လုံခြုံရေးအဖွဲ့အစည်းများက သူတို့ရဲ့ အသက်အန္တရာယ်နဲ့လုံခြုံရေးကို ခိုင်ခိုင်မာမာအာမခံပါတယ်။

လားရှိုးနဲ့ဆက်စပ်ဒေသတွေကို အကြမ်းဖက်တွေ တိုက်ခိုက်တဲ့အခါ ဒေသခံပြည်သူလူထုအပါအဝင် မြန်မာတစ်နိုင်ငံလုံးက ပြည်သူတွေ၊ တရုတ်နိုင်ငံသားတွေကအစ ၎င်းတို့ရဲ့ ခေါင်းပြဆန်ဆန်လုပ်ရပ်ကို ဝိုင်းဝန်းကန့်ကွက်ခဲ့ပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုထိတ်လန့်ကြောက်ရွံ့အောင် ပြည်သူတွေနေတဲ့ ရပ်ကွက်တွေ၊ အိမ်တွေပေါ် တည့်တည့် ရှေ့တိုက်ဒုံး၊ လက်နက်ကြီးတွေနဲ့ပစ်ခတ်ပြီး ပြည်သူတွေထွက်ပြေးအောင် ခြောက်လှန့်လုပ်ဆောင်ခဲ့ပါတယ်။ အရပ်သားဟန်ဆောင်ပြီး ပြည်သူတွေရဲ့နေရာတွေကို ဝင်ရောက်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့ ဝိုင်းဝန်းဆန့်ကျင်မှု၊ ကျွန်တော်တို့တိုင်းရင်းသားပြည်သူလူထုရဲ့ စည်းရုံးမှု၊ ထင်မြင်ချက်တွေကို ဖြိုခွဲဖို့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် သူတို့နောက်ကွယ်က ထောက်ပံ့နေတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေဆီကနေ သူတို့ အသက်ဆက်နိုင်ဖို့၊ လိုအပ်ချက်တွေ ပိုမိုရရှိနိုင်ဖို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီနေ့မှာလည်း လားရှိုးမြို့အချို့နေရာတွေမှာ အရပ်ဝတ်တွေနဲ့ ဝင်ရောက်နေရာယူ၊ ပြီးမှ ယူနီဖောင်းလဲပြီး လမ်းလျှောက်ပြတာတွေ၊ အလံလွှင့်ပြတာတွေ၊ လားရှိုးမြို့ပေါ် အချို့နေရာတွေမှာ မော်တော်ယာဉ်နဲ့ လျှောက်သွားပြီး ဓာတ်ပုံရိုက်၊ ဗီဒီယိုရိုက်ပြီး ဝါဒဖြန့်တာတွေ ဆောင်ရွက်နေတာတွေကို တွေ့ရမှာဖြစ်တယ်။

ဒါတွေကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထု၊ ဒီဒေသမှာ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်နဲ့ နိုင်ငံတော်အတွက် ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်နေတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအားလုံးက သိရှိဖို့လိုအပ်ပါတယ်။

MNDAA , TNLA အကြမ်းဖက်ခေါင်းပြအဖွဲ့တွေဟာ အကြောင်းအမျိုးမျိုးပြပြီး ဒေသခံတိုင်းရင်းသားပြည်သူလူထုရဲ့ ပိုင်ဆိုင်မှုတွေ၊ အသက်အိုးအိမ်စည်းစိမ်တွေကို တိုက်ခိုက်နေတာဖြစ်ပါတယ်။ သူတို့ မတရားကျူးကျော်ထားတဲ့ နယ်မြေတွေမှာ လူမျိုးရေးခွဲခြားဆက်ဆံတာတွေ၊ မတရားသိမ်းပိုက်တာတွေ၊ အတင်းအဓမ္မစစ်သားစုဆောင်းအသေခံခိုင်းတာတွေ လုပ်ဆောင်လျက်ရှိပါတယ်။ သူတို့အချင်းချင်းတောင် နယ်မြေလုနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ သူတို့ မတရားကျူးကျော်ထားတဲ့ ဘယ်နယ်မြေတွေမှာ ဒေသခံပြည်သူလူထုရဲ့ လူမှုစီးပွားဘဝတိုးတက်နေသလဲ၊ လုံခြုံနေသလဲဆိုတာကို မေးခွန်းထုတ်ချင်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုအပေါ် လက်နက်အားကိုးနဲ့အနိုင်ယူနေတဲ့ ခေါင်းပြအဖွဲ့အစည်းတွေသာ ဖြစ်ပါတယ်။

ကျွန်တော်တို့တပ်မတော်ဟာ မြန်မာ့လွတ်လပ်ရေးနဲ့အတူပေါ်ပေါက်လာတဲ့ တပ်မတော်ဖြစ်ပါတယ်။ မြန်မာ့လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူလူထုနဲ့အတူ လက်တွဲပြီး အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ရယူခဲ့ရပါတယ်။ လွတ်လပ်ပြီး မြန်မာနိုင်ငံမှာ သောင်းကျန်းသူအဖွဲ့မျိုးစုံ သူပုန်ထမှုကြောင့် ရန်ကုန်အစိုးရလို့အခေါ်ခံရတဲ့ကာလမျိုးမှာ တာဝန်သိတိုင်းရင်းသားပြည်သူလူထုနဲ့ ပူးပေါင်းပြီး နိုင်ငံ့လွတ်လပ်ရေးနဲ့ မြန်မာပြည်သူလူထုရဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ခဲ့ရပါတယ်။ တပ်မတော်မှာ စစ်တိုင်းဒေသကြီး ၁၄ ခု ရှိတဲ့အနက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ဟာ အစဉ်အလာကြီးမားတဲ့ စစ်တိုင်းကြီးဖြစ်ပါတယ်။ ပြည်ပ ကူမင်တန်ကျူးကျော်စစ်ကို ရိုက်ချိုးခဲ့ပါတယ်။ ဗကပတွေရဲ့ ကျူးကျော်စစ်တွေကို အကြိမ်ကြိမ် ရိုက်ချိုးခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသားပြည်သူလူထုကို ခေါင်းပြသာသာစစ်ဘုရင်၊ ဘိန်းဘုရင်တွေရဲ့ ဖိနှိပ်မှုအောက်က လွတ်မြောက်အောင် စွမ်းဆောင်ပေးခဲ့တဲ့ စစ်တိုင်းကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။

ဒီနေ့ဒီအချိန်အခါမှာ အခြေအနေ၊ အချိန်အခါတွေအရ ခေါင်းပြသာသာစစ်ဘုရင်ဝါဒဟာ ဖုံးကွယ်မှုအမျိုးမျိုး၊ ဝါဒဖြန့်မှုအမျိုးမျိုး၊ လူမျိုးရေးမှိုင်းအမျိုးမျိုးနဲ့ ခေါင်းထောင်ထလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီနိုင်ငံ၊ ဒီပြည်သူလူထုအပေါ်မှာ အဖျက်စိတ်ဓာတ်ရှိတဲ့၊ သစ္စာမဲ့တဲ့ လောက်ကောင်များနဲ့ အဖွဲ့အစည်းများရဲ့ ယုတ်မာသောပူးပေါင်းကြံစည်မှု၊ ခေါင်းပြသာသာ စစ်ဘုရင်ဝါဒကို ပံ့ပိုးနေမှုတွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီကိစ္စတွေဟာ အဆုံးသတ်ခါနီး၊ ငြိမ်းခါနီးမီးလိုဖြစ်နေပါပြီ။ ငြိမ်းခါနီးမီးထတောက်အောင် မဟုတ်မမှန်ဝါဒဖြန့် ဆောင်ရွက်နေတာ၊ ပြည်သူလူထုအပေါ်မှာဖိနှိပ်ပြီး စစ်သားစုဆောင်းတိုက်ပွဲဝင်ခိုင်းနေတာတွေ တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ သတိရှိဖို့လိုအပ်ပါတယ်။ အားလုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မြို့ရွာတွေထဲကို အရပ်သားအယောင်ဆောင်ပြီး စိမ့်ဝင်လာတဲ့ အကြမ်းဖက်တွေ၊ လောက်ကောင်တွေကို တိုင်းရင်းသားပြည်သူလူထု၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ လက်တွဲညီညီ သုတ်သင်ရှင်းလင်းရမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း စွန့်စွန့်စားစားတိုက်ပွဲဝင်နေတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများနဲ့ တိုင်းရင်းသားပြည်သူလူထုများကို နိုင်ငံတော်နဲ့ပြည်သူလူထုက အလေးထား၊ တန်ဖိုးထား ဂုဏ်ယူလျက်ရှိကြောင်း ဂုဏ်ယူစွာပြောကြားလိုပါတယ်။ တိုင်းရင်းသားပြည်သူလူထုကို ကာကွယ်သောကာကွယ်စစ်သည် မုချအောင်မြင်ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရှိနေသရွေ့ တပ်မတော်ရှိပါမယ်။ တပ်မတော်ရှိနေသရွေ့ မြန်မာနိုင်ငံ တည်တံ့ခိုင်မြဲရပါမယ်။ ပြည်သူလူထုရဲ့ပိုင်ဆိုင်မှု၊ အသက်အိုးအိမ်စည်းစိမ်နဲ့ လူမှုစီးပွားဘဝလုံခြုံစေရပါမယ်။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးကလည်း ဝိုင်းဝန်းပြီး လက်တွဲညီညီဆောင်ရွက်ရင်း **"အမိမြေ သာယာစေဖို့ ငါတို့မြေကို ငါတို့ကာကွယ်ကြပါစို့"** ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ ဂါဇာအပစ်အခတ်ရပ်စဲရေး ဆွေးနွေး


**ဝါရှင်တန် ဇူလိုင် ၂၆**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့သည် ဇူလိုင် ၂၅ ရက်က အိမ်ဖြူတော်တွင် တွေ့ဆုံခဲ့ပြီး ဂါဇာတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန် ကြိုးပမ်းနေမှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိပက္ခများဖြေရှင်းနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အောက်တိုဘာလအတွင်း အမေရိကန် သမ္မတဘိုင်ဒင် အစ္စရေးသို့ သွားရောက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ခေါင်းဆောင်နှစ်ဦး လူချင်းတွေ့ဆုံကြခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ အစ္စရေးနှင့်ဟားမားစ်တို့ကြား ကွာဟချက်များရှိနေသော်လည်း သဘောတူညီချက်တစ်ခု ရရှိရန် ယခင်ကထက် ပို၍နီးကပ်လာပြီဖြစ်ကြောင်း အိမ်ဖြူတော် အမျိုးသားလုံခြုံရေး ဆက်သွယ်ရေး အကြံပေး ဂျွန်ကာဘီက ဆက်လက်ပြောကြားခဲ့သည်။

ခေါင်းဆောင်များသည် ဟားမားစ်တို့ဖမ်းဆီးထားသည့်အမေရိကန် ဓားစာခံများ၏ မိသားစုဝင်များနှင့်လည်း တွေ့ဆုံခဲ့သည်။ ထို့နောက် နေတန်ယာဟုသည် ဒုတိယသမ္မတ ကာမလာဟားရစ်နှင့်လည်း တွေ့ဆုံခဲ့သည်။ ဘိုင်ဒင်နှင့် ဟားရစ်တို့ကြား အပြည့်အဝ ညီညွတ်မှုကို အစ္စရေးအနေဖြင့် တွေ့မြင်ရမည်ဖြစ်ကြောင်း အမေရိကန်အဆင့်မြင့် အရာရှိကြီးတစ်ဦးက ပြောကြားခဲ့သည်။ နေတန်ယာဟုသည် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်နှင့်လည်း ဇူလိုင် ၂၆ ရက်တွင် တွေ့ဆုံရန် ဖလော်ရီဒါသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့ တွေ့ဆုံစဉ်။

# ဟားရစ်ကို သမ္မတလောင်းအဖြစ် ထောက်ခံကြောင်း အိုဘားမား ကြေညာ

**ဝါရှင်တန် ဇူလိုင် ၂၆**

အမေရိကန် သမ္မတဟောင်း ဘားရက်အိုဘားမားက ကာမလာဟားရစ်အား သမ္မတလောင်းအဖြစ် ရွေးချယ်မှုကို ထောက်ခံကြောင်း ဇူလိုင် ၂၆ ရက် နံနက်အစောပိုင်းက ကြေညာသည်။

ယခုအပတ် အစောပိုင်းက မီရှဲလ်နှင့် အိုဘားမားတို့ ဇနီးမောင်နှံက သူငယ်ချင်းဖြစ်သူ ကာမလာဟားရစ်ထံ ဖုန်းခေါ်ဆိုပြီး ၎င်းကို အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်လာလိမ့်မည်ဟု ယုံကြည်ကြောင်းနှင့် ၎င်းကို အပြည့်အဝထောက်ခံကြောင်း ဖုန်းပြောဆိုခဲ့သည့် ဗီဒီယိုဖိုင်ကို လူမှုမီဒီယာပလက်ဖောင်း X တွင် အိုဘားမားက ဖော်ပြခဲ့သည်။



ကာမလာဟားရစ်နှင့် အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမား။

နိုဝင်ဘာလတွင် ဟားရစ်အနိုင်ရရှိစေရန် သေချာအောင် မိမိတို့တတ်နိုင်သမျှ လုပ်ဆောင်သွားမည်ဟု ကတိပြုကြောင်းနှင့် လူထုကို ပူးပေါင်းပါဝင်ရန် ၎င်းက တိုက်တွန်းခဲ့သည်။

၂၀၀၈ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် ရှစ်နှစ်ကြာ အမေရိကန် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အိုဘားမားသည် လက်ရှိသမ္မတ ဂျိုးဘိုင်ဒင် သမ္မတရွေးကောက်ပွဲမှ နုတ်ထွက်ကြောင်း ကြေညာခဲ့ပြီးနောက် ဟားရစ်ကို ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် အဆိုပြုမှုကို ထောက်ခံပြောကြားချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# သီရိလင်္ကာသမ္မတ ရွေးကောက်ပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်

**ကိုလံဘို ဇူလိုင် ၂၆**

သီရိလင်္ကာနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ဇူလိုင် ၂၆ ရက်တွင် ကြေညာသည်။

သမ္မတလောင်းအဖြစ် ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းမည့်ရက်ကို ဩဂုတ် ၁၅ ရက်အဖြစ် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာသည်။

လက်ရှိနိုင်ငံတော်သမ္မတ၏ သက်တမ်းသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတသစ် ရွေးကောက်တင်မြှောက်ရန်အတွက် လက်ရှိသမ္မတ သက်တမ်းမကုန်ဆုံးမီ တစ်လထက်မနည်း၊ နှစ်လထက်မပိုသော ကာလအတွင်း ရွေးကောက်ပွဲကျင်းပရမည်ဟု ပြဋ္ဌာန်းထားကြောင်း ရွေးကောက်ပွဲကော်မရှင် ကြေညာချက်တွင် ဖော်ပြသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ဂိုတာဘာရာ ရာဂျာပတ်ဆာသည် သီရိလင်္ကာနိုင်ငံ၏ ခက်ခဲသော စီးပွားရေးအကျပ်အတည်းကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ ၎င်းနုတ်ထွက်ပြီးနောက် ပါလီမန်တွင် ကျင်းပသော ရွေးကောက်ပွဲတွင် ရာနေးလ်ဝစ်ခ်ရီမီဆင်းဟီက သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ **ဆင်ဟွာ**

# ပင်လယ်ဝါ-ဘိုဟိုင်းပင်လယ်ကွေ့ကမ်းရိုးတန်းတစ်လျှောက် ရွှေ့ပြောင်းငှက်ဘေးမဲ့တော နေရာသစ်ငါးခုကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းထည့်သွင်းခံရ

**ပေကျင်း ဇူလိုင် ၂၆**

တရုတ်နိုင်ငံ ပင်လယ်ဝါ-ဘိုဟိုင်းပင်လယ်ကွေ့ ကမ်းရိုးတန်းတစ်လျှောက် ရွှေ့ပြောင်းငှက်ဘေးမဲ့တော နေရာငါးခုကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဇူလိုင် ၂၆ ရက်က ထည့်သွင်းသတ်မှတ်ခံရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် (၄၆) ကြိမ်မြောက် ယူနက်စကို ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေးတွင် ယခုကဲ့သို့ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း တရုတ်အမျိုးသား သစ်တောနှင့် မြက်ခင်းပြင် အုပ်ချုပ်ရေးအဖွဲ့က ပြောသည်။

ယူနက်စကို၏ အဆိုအရ တရုတ်ပင်လယ်ဝါ-ဘိုဟိုင်းပင်လယ်ကွေ့ကမ်းရိုးတန်းတစ်လျှောက် ရွှေ့ပြောင်းငှက်ဘေးမဲ့တော နေရာသစ်ငါးခုကို (အပိုင်း-၂)အဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထပ်မံထည့်သွင်း သတ်မှတ်ခံရခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်က (အပိုင်း-၁) ကို ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် ထည့်သွင်းခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး ရေတိမ်ဒေသ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ပင်လယ်ဝါဂေဟစနစ်အတွင်းရှိ ရွှေ့ပြောင်းငှက်ဘေးမဲ့ရေိယာများသည် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း တစ်လျှောက်တွင် ပါဝင်သည့် ရွှေ့ပြောင်းငှက်များအတွက် အရေးပါသော နေရာများဖြစ်ပြီး အာတိတ်မှ အရှေ့တောင်အာရှနှင့် ဩစတြေးလျအထိ နိုင်ငံပေါင်း ၂၅ ခုကို ဆက်စပ်နေသည့် နေရာတစ်ခုဖြစ်သည်။

ရေတိမ်ဒေသများသည် သန်းပေါင်းများစွာသော ရေပျော်ငှက်များအတွက် မရှိမဖြစ်လိုအပ်သော ကျက်စားရာနေရာများအဖြစ် ထူးခြားသော ဂေဟစနစ်ဝန်ဆောင်မှုများကို လုပ်ဆောင်ပေးသည်ဟု ယူနက်စကိုက ပြောကြားသည်။

**ဆင်ဟွာ**

# ကနေဒါနိုင်ငံအနောက်ပိုင်း ခရီးသွားများ နှစ်သက်ရာမြို့၌ တောမီးလောင်မှုဖြစ်ပွား

**အော့တဝါ ဇူလိုင် ၂၆**

ကနေဒါနိုင်ငံ အနောက်ပိုင်းရှိ အမျိုးသားဥယျာဉ်ရှိသော မြို့တစ်မြို့တွင် တောမီးလောင်မှုဖြစ်ပွားရာ ထောင်နှင့်ချီသည့် ဒေသခံများ ထွက်ပြေးခဲ့ရပြီး တောမီးငြိမ်းသတ်နိုင်ရေး မီးသတ်သမားများက ကြိုးပမ်းလျက်ရှိသည်ဟု သိရသည်။ အပူချိန်မြင့်မားမှုနှင့်ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကြောင့် ယခုနှစ်အတွင်း ကနေဒါနှင့် အမေရိကန်တို့တွင် တောမီးလောင်မှုများ ဖြစ်ပွားစေခဲ့သည်။

အယ်လ်ဗားတားပြည်နယ် ဂျက်စ်ပါမြို့မှ ဒေသခံ ၂၅၀၀၀ ခန့်သည် ဘေးလွတ်ရာရွှေ့ပြောင်းရေး အမိန့်ထုတ်ပြန်ချက်အရ မြို့မှထွက်ခွာခဲ့ကြသည်။ လေပြင်းတိုက်ခတ်မှုကြောင့် တောမီးလောင်မှုကို ပိုမိုအားကောင်းစေပြီး မြေပြင်တွင် မီးငြိမ်းသတ်ရန်ကြိုးပမ်းမှုကို အဟန့်အတားဖြစ်စေခဲ့သည်။ ဇူလိုင်၂၄ ရက် ညနေပိုင်းက တောမီးလောင်မှုသည် မြို့အတွင်းသို့ ကူးစက်လာခဲ့သည်။ ဇူလိုင် ၂၅ ရက်က ရိုက်ကူးထားသော ဗီဒီယိုမှတ်တမ်းတွင် မော်တော်ယာဉ်များနှင့် အဆောက်အအုံများ မီးလောင်နေသည်ကို တွေ့ရသည်။

လူနေအဆောက်အအုံများနှင့် အခြားသောအဆောက်အအုံများ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ပျက်စီးသွားနိုင်သည်ဟု အယ်လ်ဗားတား ပြည်နယ်ဝန်ကြီးချုပ် ဒန်နီရယ်စမစ်က ပြောသည်။ မက္ကဆီကိုနှင့် ဩစတြေးလျနိုင်ငံတို့အပါအဝင် အခြားသောနိုင်ငံများမှ မီးသတ်သမားများက မီးငြိမ်းသတ်နိုင်ရေး အကူအညီပေးသည့်အတွက် တောမီးလောင်မှုကို ထိန်းချုပ်နိုင်လိမ့်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# လစ်ဗျားနိုင်ငံသို့ ရောက်ရှိနေသည့် ရွှေ့ပြောင်းနေထိုင်သူ ၇၀၀ ကျော်ကို အီဂျစ်နှင့် နိုင်ဂျာနိုင်ငံတို့သို့ ပြန်လည်ပို့ဆောင်

**ထရီပိုလီ ဇူလိုင် ၂၆**

လစ်ဗျားနိုင်ငံ၏ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ ထိန်းချုပ်ရေးဌာနက ဇူလိုင် ၂၅ ရက်တွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၇၀၀ ကျော် ၎င်းတို့၏ မူရင်းနိုင်ငံများဖြစ်သည့် နိုင်ဂျာနှင့်အီဂျစ်နိုင်ငံတို့သို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း အရာရှိတစ်ဦးက ပြောသည်။

ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ၇၀၀ မှ ၇၅၀ ကြားရှိသည်ဟု လုံခြုံရေးအရာရှိတစ်ဦးဖြစ်သူ မိုဟာမက်ဘာရီဒါက ပြောသည်။ ရွှေ့ပြောင်းနေထိုင်သူများအား နေရပ်ပြန်လည်ပို့ဆောင်ခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းက ဆက်ပြောသည်။ လစ်ဗျားပြည်ထဲရေးဝန်ကြီး အီမတ်အယ်တာရာဘယ်စီ၏ ပြောကြားချက်အရ လက်ရှိ လစ်ဗျားနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံခြားသားပေါင်း ၂ ဒသမ ၅ သန်းရှိပြီး အများစုမှာ ဗီဇာမရှိဘဲ လစ်ဗျားနယ်စပ်ကို ကျော်ဖြတ်ဝင်ရောက်ခဲ့ကြသူများဖြစ်သည်ဟု ဇူလိုင်လ အစောပိုင်းတွင် ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များကို ယနေ့မွန်းလွဲပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။(ယာပုံ) ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ ရှိတပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။



ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် "လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ" အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်ရှိ ပညာနေခြည်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာ ငြိမ်းသီတာအောင်၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်များအနေဖြင့် တိုင်းပြည်နှင့်လူမျိုးအပေါ်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ငြိမ်းချမ်းရေးကိုလိုလားသည့်စိတ်ဓာတ်၊ စည်းကမ်းရှိသူများ၊ ခေတ်မီတိုးတက်သည့် အသိပညာ ဗဟုသုတတိုးပွားသူများဖြစ်အောင်ကြိုးစားနေထိုင်ပြီး မိမိတို့ တိုင်းပြည်အနာဂတ် လင်းလက်လှပအောင် ဦးဆောင်နိုင်သည့် လူငယ်များဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။ (ဝဲပုံ)

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားသည်။

ယင်းနောက်မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများ အသင်းဥက္ကဋ္ဌ ဦးစိုးသိန်းက အားကစားဆိုင်ရာ အသိပညာပေးဟောပြောပို့ချပြီး မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာ ငြိမ်းသီတာအောင်ထံ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများ အသင်းဥက္ကဋ္ဌကို အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ထို့နောက် သဃ်န်းကျွန်း ပညာရေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာ ငြိမ်းသီတာအောင်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် သင်တန်းသား သင်တန်းသူများကို ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Gu Jessica Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ရွာလီဝိုင်းရပ်ကွက်နေ မိုးနှင်းခိုင်အား ည ၆ နာရီ ၁၀ မိနစ်တွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ်နှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**မိုး/ဇလ**

## ဝန်ထမ်းများ၊ ဌာနများတွင် အဂတိလိုက်စားမှုဖြစ်ပေါ်ခဲ့လျှင် ပြည်သူလူထု၏ ယုံကြည်မှုလျော့ကျစေသည့်အပြင် နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုကိုပါ ယိုယွင်းပျက်စီးစေနိုင်



**နေပြည်တော် ဇူလိုင် ၂၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit –CPU) အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က အဂတိလိုက်စားမှုသည် နိုင်ငံအသီးသီး၊ နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ကြောင်း၊ ဝန်ထမ်းများ၊ ဌာနများတွင် အဂတိလိုက်စားမှုဖြစ်ပေါ်ခဲ့လျှင် ပြည်သူလူထု၏ ယုံကြည်မှုလျော့ကျစေသည့်အပြင် နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုကိုပါ ယိုယွင်းပျက်စီးစေနိုင်ကြောင်း၊ အဂတိလိုက်စားမှုကျူးလွန်ပါက အဂတိလိုက်စားမှု ဥပဒေဖြင့် အရေးယူခံရမည့်အပြင် လူမှုပတ်ဝန်းကျင်တွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေသည့်အတွက် နိုင်ငံ့ဝန်ထမ်းများ သိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ အဂတိတရားကင်းရှင်းအောင် လိုက်နာနေထိုင်ခြင်းဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း **(အပေါ်ပုံ)** က နိုင်ငံ့ဝန်ထမ်းတိုင်း အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ ဘေးအန္တရာယ်များကို သိရှိရှောင်ကြဉ်နိုင်စေရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ခြင်းဖြင့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းကို ဖော်ဆောင်ရန်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာများကို သိရှိရန် လိုအပ်ပြီး တာဝန်ထမ်းဆောင်ရာ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ထမ်းဆောင်ခြင်းဖြင့် အဂတိတရားကို ရှောင်ကြဉ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းသည် ပြန်ကြားရေးဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ဒီရေတောများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် ပြည်သူများပူးပေါင်းပါဝင်မှုအခန်းကဏ္ဍသည် အထူးအရေးကြီး

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီဝင်ဌာနများမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သစ်တောဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယနေ့ကျင်းပသည့် "အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် အခမ်းအနားသည် ဒီရေတောအရေးပါမှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ဒီရေတောများ ထိန်းသိမ်းရေးနှင့် ပြန်လည်တည်ထောင်ရေးတွင် ပြည်သူများ နိုးကြားစွာဖြင့် ပိုမိုပူးပေါင်း ပါဝင်လာစေရေးအတွက် **"ဒီရေတောများ သားစဉ်မြေးဆက် ထိန်းသိမ်းအသုံးပြုနိုင်ရေး ပြည်သူလူထုအသိပညာမြှင့်တင်ပေး"** ဟူသော ဆောင်ပုဒ်ဖြင့် နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း။

ဒီရေတောများသည် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုး ထောက်ပံ့ပေးနိုင်သည့်အပြင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာရှိကြောင်း၊ ဒီရေတောများသည် လူဦးရေတိုးလာခြင်းနှင့် အတူ ပျက်စီးမှုကြုံတွေ့နေရသည့်အတွက် ဒီရေတောသယံဇာတများ ထိန်းသိမ်းရေးနှင့် အသုံးပြုသူများအကြား ထိန်းညှိပေးပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးစေရေး အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒီရေတောများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်မှု အခန်းကဏ္ဍသည် အထူးအရေးကြီးပြီး လူထုအခြေပြု ဒီရေတောစိုက်ပျိုးခြင်း၊ ဒေသခံအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်း၊ အစိမ်းရောင်တံတိုင်း (Green Belt)များကို လူထုပူးပေါင်းပါဝင်မှုဖြင့် တည်ထောင်ခြင်းတို့တွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သစ်တောဦးစီးဌာန ဝန်ထမ်းမိသားစုများအား ပညာသင်ထောက်ပံ့ရန်ပုံငွေနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "မြန်မာနိုင်ငံ ဒီရေတော ဂေဟစနစ်များ ထိန်းသိမ်းရေး အားလုံးပါဝင်ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသော အထိမ်းအမှတ် ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။



ဒီရေတောများသည် ကမ္ဘာ့အပူပိုင်းမုတ်သုံရာသီဥတု ရှိရှိသည့် နိုင်ငံပေါင်း ၁၂၃ နိုင်ငံတွင် ပေါက်ရောက်ပြီး ကမ္ဘာ့သစ်တောများ၏ ၀ ဒသမ ၄ ရာခိုင်နှုန်းသာရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကမ်းရိုးတန်း တိုင်းဒေသကြီးလေးခုနှင့် ပြည်နယ်နှစ်ခုတွင် ဒီရေတောဧရိယာ ဧက (၁ ဒသမ ၁) သန်းကျော် ပိုင်ဆိုင်ထားသည့်အတွက် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောဧရိယာ အများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဒီရေတော အမျိုးအစားနှင့် အခြေအနေပေါ်မူတည်၍ စီမံအုပ်ချုပ်ခြင်း မဟာဗျူဟာ (၃)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ယနေ့အချိန်အထိ ဒီရေတော ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တော ၄၄ ခု၊ အဏ္ဏဝါ အမျိုးသားဥယျာဉ်နှင့် သဘာဝထိန်းသိမ်းရေး နယ်မြေခြောက်ခု တည်ထောင်နိုင်ခဲ့ကာ မြန်မာနိုင်ငံ သစ်တောပြန်လည်တည်ထောင်ရေးစီမံကိန်း အစီအစဉ်ဖြင့် ၂၀၂၄ ခုနှစ်အထိ ဒီရေတောစိုက်ခင်း ၂၁၈၃၀ ဧက တည်ထောင်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ရှုမျှော်ခင်းနဲ့အခန်း | နိုင်ဇော် | ဒေါ်နှင်းဦးမွန် သီရိဝဠစာပေတိုက် |
| ၂။ | မျှော် | တင်မောင်မြင့် | ဦးစိုင်းနွံနွတ် The Key Collection |
| ၃။ | အကြာဆုံးစစ်ပွဲ မြန်မာပြည် (၁၉၄၁-၁၉၄၅)(ဒုတိယအကြိမ်) | မြသန်းတင့် | ဒေါ်ခင်ခင်ထွေး ဇော်ဂျီဖိုလ်ဝင် စာအုပ်တိုက် |
| ၄။ | Project Management for MBA | ဝေဖြိုးအောင် | ဦးကျော်သီဟ IT Computer Training Center |
| ၅။ | အမွေ ၊ လက်ခံလိုက်စမ်းပါ၊ တကယ့်အနုပညာ | အောင်သင်း | ဒေါ်ဝင်းမာတင် ဇွန်ပွင့်စာအုပ်တိုက် |

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဘီးလင်းမြို့ ရန်ကုန် - မော်လမြိုင် ကားလမ်းမပေါ်သို့ ရေကျော်မှုကြောင့် မော်တော်ယာဉ်များဖြတ်သန်းသွားလာမှု ယာယီပိတ်ထား





**ဘီးလင်း ဇူလိုင် ၂၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းကာ ဘီးလင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ရန်ကုန် - မော်လမြိုင် ကားလမ်းမပေါ်သို့ ရေကျော်မှု ဖြစ်ပွားခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ယာယီပိတ်ထားကြောင်း သိရသည်။

ဘီးလင်းမြစ်ရေသည် ယနေ့ နံနက်ပိုင်းတွင် စိုးရိမ်ရေမှတ် (၁၀၂၂) စင်တီမီတာအား ကျော်လွန်၍ (၁၁၀၇) စင်တီမီတာသို့ မြင့်တက်လာသဖြင့် ရန်ကုန် - မော်လမြိုင် အဝေးပြေးလမ်းမကြီးပေါ်ရှိ ဘိုးလှကြီးရပ်ကွက် သကြားစက်ရုံနှင့် အရက်ချက်စက်ရုံအနီး မိုင်တိုင်အမှတ် ၁၂၆/၄ နှင့် ၁၂၆/၅ အကြားတွင် ရေအကျယ် ပေ ၇၀၀ ခန့်နှင့် အနက် နှစ်ပေခန့်၊ တောင်ကလေးကျေးရွာနှင့် အဝန်းကြီးကျေးရွာအကြား မိုင်တိုင်အမှတ် ၁၂၉/၃ နှင့် ၁၂၉/၄ အကြား ကားလမ်းမပေါ်သို့ ရေအကျယ် ပေ ၅၀၀ ခန့်နှင့် အနက် လေးပေခန့် ရေကျော်မှု ဖြစ်ပွားလျက်ရှိသည့်အတွက် ယနေ့နံနက်ပိုင်းမှစ၍ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှုကို ယာယီတားမြစ်ထားရှိကြောင်း သိရသည်။

အဆိုပါ ရေကျော်မှုဖြစ်ပွားသည့်လမ်းပိုင်းများတွင် ယာဉ်များ ဖြတ်သန်းသွားလာမှု မရှိစေရေး ဘီးလင်းတပ်နယ်၊ မြို့မရဲစခန်း၊ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊တပ်ဖွဲ့စိတ် (ဘီးလင်း)မှ တာဝန်ရှိသူများက သက်ဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြို့နယ် (ပြန်/ဆက်)

## ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေကျဆင်းသွားပြီဖြစ်၍ ယာယီပိတ်ထားရသည့်စာသင်ကျောင်းအချို့ ပြန်လည်ဖွင့်လှစ်

**ပွင့်ဖြူ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် စာသင်ကျောင်း ၃၀ ကို ယာယီပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက မြစ်ရေ ပြန်လည် ကျဆင်းသွားသဖြင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းအချို့ကို ဖွင့်လှစ်ပညာသင်ကြားပေးလျက် ရှိကြောင်း ပွင့်ဖြူမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။



အဆိုပါ ရေဝတီမြစ်ရေ ပြန်လည်ကျဆင်းမှုကြောင့် ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် မှရိုးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့ကို ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိကြောင်းနှင့် မြစ်ရေဝင်ရောက်ခဲ့စဉ်က ယာယီပိတ်ထားရသော ရက်များကိုလည်း တနင်္ဂနွေနေ့ ကျောင်းပိတ်ရက်များတွင် အစားထိုး ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယာယီ ပိတ်ထားရသော စာသင်ကျောင်းများအနက် ဇူလိုင် ၂၅ ရက်မှ ယနေ့အထိ အခြေခံပညာစာသင်ကျောင်း သုံးကျောင်းကို ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။


လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ




## ကျောင်းကုန်းမြို့၌ ဒါးကမြစ်ရေမြင့်တက်လာမှုကြောင့် စာသင်ကျောင်းလေးကျောင်း ခေတ္တပိတ်ထား

**ကျောင်းကုန်း ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် ဒါးကမြစ်ရေ မြင့်တက်လာခဲ့ရာ ယမန်နေ့က စာသင်ကျောင်းလေးကျောင်း ခေတ္တပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ စာသင်ကျောင်းများမှာ ဂုန်မင်းကျေးရွာ အ.မ.က အုန်းပင်စုကျောင်း၊ လှည်းဆိပ်ကျေးရွာ အ.မ.က အပင်နှစ်ဆယ်နှင့် အ.မ.က အုန်းပင်စုကျောင်း၊ သဲကုန်ကျေးရွာ အ.မ.က သဲကုန်ကျောင်းတို့ဖြစ်သည်။ ယနေ့တွင် ရေအမှတ်မှာ ၁၆ ပေသို့ ရောက်ရှိလာခဲ့ပြီး ရပ်ကွက်တစ်ခုနှင့် ကျေးရွာခြောက်ရွာတို့၏ အနိမ့်ပိုင်းနေအိမ်များသို့ ရေဝင်ရောက်ခဲ့ရာ အမှတ် (၃)ရပ်ကွက်၊ လှည်းဆိပ်၊ ထန်းတပင်၊ အိုးဘို၊ စပါယ်ရုံ၊ မကျီးပင်ကွင်းနှင့် သဲကုန်ကျေးရွာတို့၏ အိမ်ခြေ ၇၁၁ ခု၊ အိမ်ထောင်စု ၇၃၆ စု၊ လူဦးရေ ၂၇၉၁ ဦးတို့၏ နေအိမ်များသို့ ရေဝင်ရောက်လျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ခြင်းမရှိသေးကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## မြစ်ရေကြီးမှု အခြေအနေများ

**နေပြည်တော် ဇူလိုင် ၂၆**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၆၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ လေးပေခွဲခန့် (၁၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**ရွှေကျင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ လေးပေခန့် (၁၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သောင်ရင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ) အထက်သို့ ၁၁ ပေခွဲခန့် (၃၄၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၃၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော်ခန့် (၁၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ (၁၀၂၂ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ သာပေါင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ကြံခင်းမြို့ ယာယီရေဘေးရှောင်စခန်း၌ မွေးဖွားသော ကလေးနှစ်ဦးအား တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကလေးအသုံးအဆောင်ပစ္စည်းများထောက်ပံ့ပေးအပ်

ကြံခင်း ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရွှေတော်စုရပ်ကွက် မြို့မအားကစားကွင်း မိုးလုံလေလုံခန်းမ ယာယီရေဘေးရှောင်စခန်း၌ မွေးဖွားသော ကလေး နှစ်ဦးအား ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကလေးအသုံးအဆောင်ပစ္စည်းများ ထပ်ဆင့်ထောက်ပံ့ပေးအပ်သည်။



အဆိုပါ မွေးကင်းစကလေးနှစ်ဦးအတွက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက က ထောက်ပံ့ပေးအပ်သော အနှီးပိတ်စ ၂၀ နှင့် မွေးကင်းစ ကလေးဝတ်အင်္ကျီ အစုံ ၂၀ တို့ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်နှင့် အဖွဲ့ဝင်များက ယာယီရေဘေးရှောင်စခန်းသို့ သွားရောက်ပြီး ထပ်ဆင့်ပေးအပ်ကြသည်။

ထို့နောက် ယာယီရေဘေးရှောင်ပြည်သူများအား မြို့နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာမျိုးအိအိထွန်းနှင့် ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်နေမှုများကို ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ခဲ့ကြရာတွင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၇ ဦးကို ကုသပေးခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်လေးလုံး အမိုးလန်ပျက်စီး

ပေါင် ဇူလိုင် ၂၆

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် လေးလုံး အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးမှုကြောင့် ကတွန်ကျေးရွာတွင် နေထိုင်သည့် ဦးထွန်း၏နေအိမ်၊ ဒေါ်ယင်းမာထွန်း၏ နေအိမ်၊ ဇင်းကျိုက်ရပ်ကွက်၌ ဦးထွန်းရာ၏ နေအိမ်နှင့် ဦးဘအေး၏ နေအိမ်တို့၌ အမိုးလန်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ လေဘေးသင့်ပြည်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် တာဝန်ရှိသူများက နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ခေတ္တနေရာချထားပေးပြီး နေအိမ်အမိုးများကို ယာယီနေထိုင်နိုင်ရန် ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိပြီး အခြားလူ/တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မြောက်ဥက္ကလာပမြို့နယ်၊ ကလောမြို့နယ်နှင့် အောင်ပန်းမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၆

မြောက်ဥက္ကလာပမြို့နယ်၊ ကလောမြို့နယ်နှင့် အောင်ပန်းမြို့တို့တွင် စိတ်ကြွရူးသွပ် ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ဥက္ကာမင်း၊ အောင်သူဖြိုး၊ ဇော်ဇော်သိန်း(ခ)ဇော်ကြီး၊ မစိုးစိုးအေး၊ မသန်းသန်းဆွေ(ခ)လေးခင်နှင့် ရဲသီဟတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက်၌ မသင်္ကာဖွယ်တွေ့ရှိသူ အောင်သူဖြိုးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ စိတ်ကြွရူးသွပ် ဆေးပြားများ ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ဥက္ကာမင်းကို မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ ဇော်ဇော်သိန်း(ခ) ဇော်ကြီးကို စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ နှင့်အတူ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ မြို့သစ် (၄) ရပ်ကွက်ရှိ ၎င်း၏ နေအိမ်၌လည်းကောင်း၊ မစိုးစိုးအေးကို စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း သုည ဒသမ ၁၅ ကီလို၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၀ ဒသမ ၁၃ ကီလို၊ အိုက်စ် ၀ ဒသမ ၀၅ ကီလို၊ Happy Water ၀ ဒသမ ၀၄၈ ကီလိုနှင့်အတူ မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ မသန်းသန်းဆွေ (ခ)လေးခင်ကို စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀၀နှင့်အတူ မြောက်ဥက္ကလာပမြို့နယ်ဝေဘာဂီမြို့သစ် (၄)ရပ်ကွက်တွင် လည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ကလောမြို့နယ် အောင်ပန်းမြို့ ကမ္ဘားနီကျေးရွာအုပ်စု သရက်ပုကျေးရွာအနီးတွင် ရဲသီဟ မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀၁၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်ထားသည့် ရှမ်းယူနိုက်တက်အသင်း အုပ်စု (က) သို့ ကျရောက်

ရန်ကုန် ဇူလိုင် ၂၆

၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ထားသည့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးအဆင့်တွင် အုပ်စု(က)သို့ ကျရောက်ခဲ့သည်။

### ခြေစစ်ပွဲအောင်မြင်

ခြေစစ်ပွဲ Play-off ပွဲစဉ်များကို ဇူလိုင် ၁၇ ရက်နှင့် ၂၄ ရက်က ကျင်းပခဲ့ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်း ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအဆင့်တွင် ဘရူနိုင်းကလပ် ကာဆူကာအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် တစ်ဂိုးစီသရေကျခဲ့သော်လည်း ဒုတိယအကျော့ အိမ်ကွင်းပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

နောက်ဆုံးအဆင့်ကို ခြောက်သင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် BG ပါသွန်ယူနိုက်တက် (ထိုင်း)၊ တီရန်ဂါနူး (မလေးရှား)၊ မာကာဆာ (အင်ဒိုနီးရှား)၊ ထန်ဟွာ (ဗီယက်နမ်)၊ Svay Rieng (ကမ္ဘောဒီးယား)၊ ရှမ်းယူနိုက်တက် (မြန်မာ)၊ အုပ်စု (ခ) တွင် ဘူရီရမ်ယူနိုက်တက် (ထိုင်း)၊ ကွာလာလမ်ပူစီးတီး (မလေးရှား)၊ ဟန္နိုင်း (ဗီယက်နမ်)၊ ဘော်နီယို (အင်ဒိုနီးရှား)၊ ကာယာ(ဖိလစ်ပိုင်)နှင့် Lion City Sailors (စင်ကာပူ) တို့ ပါဝင်နေသည်။

### အဝေးကွင်းကစားရမည်ဖြစ်

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု ငါးပွဲအနက် သုံးပွဲကို အဝေးကွင်း၊ နှစ်ပွဲကို အိမ်ကွင်းကစားရမည် ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၂၁ ရက်တွင် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် အဝေးကွင်း၊ စက်တင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် အဝေးကွင်း၊ ဇန်နဝါရီ ၈ ရက်တွင် မလေးရှားကလပ် တီရန်ဂါနူးအသင်းနှင့် အိမ်ကွင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ထိုင်းကလပ် ပါသွန်ယူနိုက်တက်အသင်းနှင့် အိမ်ကွင်း၊ ဖေဖော်ဝါရီ ၅ ရက်တွင် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

### ပြန်လည်ကျင်းပ

အုပ်စုပွဲများကို ၂၀၂၄ ခုနှစ် ဩဂုတ် ၂၁ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်၊ ဆီမီးဖိုင်နယ်ပွဲများကို ဧပြီ ၂၊ ၃၀ ရက်၊ ဗိုလ်လုပွဲကို မေ ၁၄၊ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၀၃ ခုနှစ် နှင့် ၂၀၀၅ ခုနှစ်တွင် ကျင်းပပြီးနောက် ယခုနှစ်မှ ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**



## ပါရီအိုလံပစ် ၂၀၂၄ အမျိုးသမီးဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် ပြင်သစ်၊ ဘရာဇီး၊ အမေရိကန်နှင့်စပိန်တို့ အနိုင်ရ



ပါရီအိုလံပစ် ၂၀၂၄ အမျိုးသမီး ဘောလုံးပြိုင်ပွဲမှ ပြင်သစ်နှင့် ကိုလံဘီယာအသင်း ပွဲစဉ်ကို ဇူလိုင် ၂၆ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းသည် ပထမပိုင်းပွဲချိန်တွင် ပြိုင်ဘက်ကို သုံးဂိုးပြတ် ဦးဆောင်ထားနိုင်သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှစ်ဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် နိုင်ပွဲရရှိရေး ရုန်းကန်ခဲ့ရသည်။

ကိုလံဘီယာ အသင်းသည် တိုက်စစ် စွမ်းဆောင်ရည်ပိုင်းသာလွန်မှုရှိသော်လည်း အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိခဲ့သည်။ ပွဲကစားချိန် ၈၂ မိနစ်တွင် ကိုလံဘီယာအသင်းမှ တောင်ပံတိုက်စစ်ကစားသမား ရာမီးရက်ဇ် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

လာမည့်ပွဲစဉ်(၂)တွင် ပြင်သစ်အသင်းက ကနေဒါအသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး ကိုလံဘီယာအသင်းက နယူးဇီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပါရီအိုလံပစ် ၂၀၂၄ အမျိုးသမီး ဘောလုံးပြိုင်ပွဲမှ အခြားသောပွဲစဉ်ရလဒ်များတွင် စပိန်က ဂျပန်ကို နှစ်ဂိုး – တစ်ဂိုး၊ ကနေဒါက နယူးဇီလန်ကို နှစ်ဂိုး – တစ်ဂိုး၊ ဂျာမနီက ဩစတြေးလျကို သုံးဂိုး-ဂိုးမရှိ၊ ဘရာဇီးက နိုင်ဂျီးရီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲများရရှိခဲ့ပြီး အမေရိကန်နှင့် ဇမ်ဘီယာအသင်းပွဲစဉ်တွင်လည်း အမေရိကန်အသင်းက တစ်ယောက်လျော့ ဇမ်ဘီယာအသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**

## ရောဝတီတိုင်းဒေသကြီး ဓမ္မစကူးလ်ဖောင်းဒေးရှင်းဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပညာစာရအား သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ထပ်ဆင့်ဆက်ကပ်



ရန်ကုန် ဇူလိုင် ၂၆

၂၀၂၄ ခုနှစ် သာသနာဆိုင်ရာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်း ခံရသော ဒေးဒရဲမြို့ ပခုက္ကူမဟာဝိသုတာရာမနိကာယ တောကျောင်းတိုက်ကြီး၏ ပဓာနမဟာဝိနာယက၊ ဒေးဒရဲမြို့ တောကျောင်းနိကာယ သံဃပဝါရဏာဂိုဏ်းချုပ်၊ ဒေးဒရဲမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရောဝတီတိုင်းဒေသကြီး ဓမ္မစကူးလ် ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဒေးဒရဲမျက်စိဆေးရုံ စက္ခုဒါန ဦးဆောင်ဆရာတော်ဘဒ္ဒန္တပညာစာရအား ဂုဏဝိသိဋ္ဌပူဇာနှင့် စိန်ရတုပူဇာ ဗိမာန်တော်ရေစက်ချမင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ဒေးဒရဲမြို့ အမှတ်(၁)ရပ်ကွက် တောကျောင်းတိုက် ကုသလဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော် ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇထံမှ ရေစက်ချတရားနာယူကြသည်။ ၂၀၂၄ ခုနှစ် နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် သာသနာပြု ဘွဲ့တံဆိပ်တော်ကို ဒေးဒရဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်နှင့် အဖွဲ့ဝင် (၁) ဗိုလ်မှူးမွန်မြတ်သူစိုးတို့က ဆရာတော်ဘဒ္ဒန္တပညာစာရအား ထပ်ဆင့်ဂုဏ်ပြု ဆက်ကပ်ကြောင်း သိရသည်။ မြန်မာ့အလင်း

## မြောက်ဥက္ကလာပမြို့နယ် မြရောရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် စည်းဝေး

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် မြရောရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် အကြိမ်(၃၀)မြောက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမအသင်းစုရုံး၌ ဇူလိုင် ၂၅ ရက်က ကျင်းပသည်။



နှစ်ပတ်လည် အစည်းအဝေးတွင် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက သမဝါယမ လုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ နည်းဥပဒေများ၊ အသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က အသင်း၏ အခြေအနေများကို ရှင်းလင်းပြောကြားပြီး အစုပြည့် အသင်းသား ၄၂ ဦးအား တစ်ဦးလျှင် မြေပဲဆီသန့် ၅၀ သား၊ အစုပေါ် အမြတ်ငွေကျပ် ၁၀၂၉၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အာကာလင်း



## မန်းချောင်းရေလှောင်တမံ ပင်မရေပိုလွှဲမှ ရေစတင်ကျော် အစိမ်းရောင်အလံလွှင့်ထူ၍ အသိပေးနိုးဆော်ထား

ငဖဲ ဇူလိုင် ၂၆

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံ၌ ယနေ့နံနက် ၁၀ နာရီတိုင်းတာချက်အရ တမံအမြင့် ပေ ၆၄၀၊ ဆည်ရေပြည့်အမှတ် ၆၂၅ ပေ ရှိရာမှ ၆၂၅ ဒသမ ၉ ပေ သို့ ရောက်ရှိပြီး ပင်မရေပိုလွှဲမှ ၀ ဒသမ ၉ ပေအမြင့်အဖြစ် စတင်ရေကျော်လျက်ရှိ၍ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်အရ ပြည်သူများသိရှိနိုင်ရန် အစိမ်းရောင်အလံလွှင့်ထူထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုလက်ရှိတွင် မန်းချောင်းရေလှောင်တမံအတွင်း ရေပြည့်မှတ်ကျော်လွန်၍ ရေပိုလွှဲမှရေကျော်ကျမှုများရှိနေ၍ မြို့နယ်အတွင်းရှိ ပြည်သူများ သိရှိနိုင်ရန် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအဆင့်(၁)အဖြစ် သတ်မှတ်ပြီး တမံရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရှင်းလင်းဆောင်နေရာများတွင်လည်းကောင်း၊ မန်းချောင်းတမံဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင်လည်းကောင်း အစိမ်းရောင်အလံလွှင့်ထူထားပြီး တမံအခြေအနေများနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာအခြေအနေ ရှိ၊ မရှိ အချိန်နှင့်တစ်ပြေးညီ အသိပေးနိုးဆော်သွားမည်ဖြစ်သည်။

ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံ၌ ဇူလိုင်လစတုတ္ထပတ်အတွင်း မိုးရေချိန် ၀ ဒသမ ၉၀ လက်မ ရွာသွန်းခဲ့သည့်အတွက် ဆည်အတွင်း တောင်ကျချောင်းရေနှင့် မိုးရေများ အဆက်မပြတ်ဝင်ရောက်မှုတို့ကြောင့် ရေပိုလွှဲမှ ရေကျော်ကျခြင်းဖြစ်ကြောင်း၊ တမံ၊ ရေထုတ်ပြွန်နှင့် ဆက်စပ်အဆောက်အအုံများအားလုံး ကြံ့ခိုင်ကောင်းမွန်မှုရှိကြောင်းနှင့် ၂၄ နာရီ ရေကင်းတာဝန်ချထားပြီး အနီးကပ်ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## ရွှေတောင်မြို့နယ်၌ အိမ်ထောင်စုများ မူလနေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့

ရွှေတောင် ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် အိမ်ထောင်စုများအနက် ဧရာဝတီမြစ်ရေသည် ၉၁ ဒသမ ၃ ပေသို့ ထပ်မံကျဆင်းခဲ့သဖြင့် ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၂ အုပ်စု အိမ်ထောင်စုအချို့ရှိ အိမ်ခြေ ၁၆၂ အိမ်၊ အိမ်ထောင်စု ၁၉၅ စု၊ လူဦးရေ ၆၆၅ ဦးတို့အား ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နိုင်ရေးအတွက် ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုကိုမင်း (ပြန် /ဆက်)

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| စာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆၊


MYANMAR Digital News Presented by NPE www.mdn.gov.mm

### ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၆ – ၇ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၅ ကျပ် | ၂၄၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၃၅ ကျပ် | ၂၉၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၀၅ ကျပ် | ၂၈၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၈၇ | ၇၆၈၀၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၄၂၇၈ | ၁၄၇၇၈၆၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၃ | ၂၅၂၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၁၂၄ | ၂၁၇၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၅၉ | ၉၈၇၂၅၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၉၀၀ | ၁၅၅၇၅၀၀ |
| AMATA | ၄၆၀၀ | ၂၂၀ | ၄၂၅ | ၁၀၁၂၄၀၀ |
| MAEX | ၃၄၅၀ | ၃၄၅၀ | ၁၇၁၆ | ၅၉၂၀၅၀၀ |

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အထက တပ်နယ်(အင်းမ) Grade-12 မှ မဖြူစင်သန့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးလွင်သန်း ၇/ရကန(နိုင်) ၀၇၂၅၉၆ ဖြစ်ပါကြောင်း။

ဦးမျိုးလွင်သန်း

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အထက တပ်နယ်(အင်းမ) Grade-12 မှ မောင်အာဇာနည်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးမင်း ၇/သကန (နိုင်)၁၁၄၄၅၈ ဖြစ်ပါကြောင်း။

ဦးကျော်စိုးမင်း

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇စယ/၉၄၆၅၃, New Zhineng -110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်သဲ ၇/ပခတ(နိုင်)၀၄၉၈၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၃၈၂၁၀, Yamaha,M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၅/မရန(နိုင်)၁၅၄၃၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၁၅၆၀၄, Jialing 90,M/C ယာဉ်လက်ဝယ်ရှိသူ Future Smooth Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၄၉၅၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သင်း ၅/ရဘန(နိုင်)၀၉၃၁၉၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ရွှေဘို)

## အလိမ္မာ စာမှာရှိ

## ပိုးသတ်ဆေး (၇၂) မျိုးအား မှတ်ပုံတင်ပယ်ဖျက်ကြောင်း ကြေညာခြင်း

(၂၈-၅-၂၀၂၄) နေ့တွင် ကျင်းပခဲ့သော (၄၂)ကြိမ်မြောက်ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ (၆)လအထက် မှတ်ပုံတင်သက်တမ်းကျော်လွန်ပြီး သက်တမ်းတိုးရန်ပျက်ကွက်သည့် အောက်ပါပိုးသတ်ဆေး(၇၂)မျိုးအား မှတ်ပုံတင်ခွင့်ပြုထားသည့် ပိုးသတ်ဆေး စာရင်းမှ ပယ်ဖျက်ကြောင်းကြေငြာပါသည်။ ၎င်းဆေးများအား ဈေးကွက်အတွင်း ဆက်လက်ဖြန့်ဖြူးရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိရပါက ပိုးသတ်ဆေးဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ဖြန့်ဖြူးသူ | ကုန်သွယ်မှုအမည် | မှတ်ပုံတင် အမှတ် | မှတ်ပုံတင် အမျိုးအစား |
|---|---|---|---|---|
| 1 | Myanmar Kaung Hman Group Co., | Ann Actor 500 EC | E2021-5278 | Exp. |
| 2 | Agro Green Land Chemical Co., Ltd. | Foison Dreat 56 TB | P2018-4255 | Prov. |
| 3 | Fully Light Shan Group Co., Ltd. | M-A Diuron 55% WP | E2021-5273 | Exp. |
| 4 | Myanmar Kaung Hman Group Co., | Ann Weeder 550 WP | E2021-5279 | Exp. |
| 5 | Myanmar Wai Fung Agriculture Co., | HD Choice | P2018-4422 | Prov. |
| 6 | Myay Latt Yar Zar Co., Ltd. | Pyae Sone | P2018-1925 | Prov. |
| 7 | Huynh Zaw Co., Ltd. | Rostock | P2018-4254 | Prov. |
| 8 | Golden Plain Co.,Ltd. | Golden Plain Azoxystrobin 25%SC | P2018-4158 | Prov. |
| 9 | Diamond Light International Trading | ZMC CLEAR UP 25SC | P2018-4201 | Prov. |
| 10 | Myanmar Wai Fung Agriculture Co., | HD Cover | P2018-4425 | Prov. |
| 11 | Myanmar Wai Fung Agriculture Co., | RDF Replacer | P2018-4459 | Prov. |
| 12 | Myanmar Wai Fung Agriculture Co., | RDF Guard | P2018-4460 | Prov. |
| 13 | Shwe Thit Oo Co., | Shwe Taung Thu Thamartaw 20 WP | P2018-4205 | Prov. |
| 14 | Myanmar Win Star International Manufacturing Co., | Win Pyribac 10 WP | P2018-4131 | Prov. |
| 15 | Myanmar Golden Byter Co., | Byter Big Queen | E2021-5240 | Exp. |
| 16 | Myanmar Wai Fung Agriculture Co., | RDF Skynet | P2018-4438 | Prov. |
| 17 | Naing Toe Aung (Myanmar) Agro Group Co., | ANG-Spider 700 WP | P2018-2556 | Prov. |
| 18 | Golden Rocket Co.,Ltd. | BUTOXIM 10 GR | P2018-4328 | Prov. |
| 19 | 1-2-1 Public Co.,Ltd. | BUTO 5 GR | P2018-4452 | Prov. |
| 20 | Tessenderlo Kerley,Inc: | Sevin 85 WP | F2013-349 | Full |
| 21 | Myanmar Wai Fung Agriculture Co., | RDF Roarer | P2018-4435 | Prov. |
| 22 | Thin Thin Hmwe Co.,Ltd. | NPS Result | P2018-4419 | Prov. |
| 23 | Myanmar Wai Fung Agriculture Co., | BZ Invincible | P2018-4388 | Prov. |
| 24 | Agro Green Land Chemical Co., Ltd. | Foison Sweep 75WP | P2018-4229 | Prov. |
| 25 | Agriwest Myanmar Co., Ltd. | NAB-Copper Oxychloride 90 TC | P2018-4490 | Prov. |
| 26 | Aventine Limited | Armo Halo 10% EC | P2018-4161 | Prov. |
| 27 | Myanmar Wai Fung Agriculture Co., | HD Partner | P2018-4424 | Prov. |
| 28 | MM Import Export Co., Ltd. | MOSFLY FIKz AEROSOL | P2018-4071 | Prov. |
| 29 | Myanmar Wai Fung Agriculture Co., | RDF Witness | P2018-4436 | Prov. |
| 30 | Myanmar Wai Fung Agriculture Co., | BZ Global Hawk | P2018-4433 | Prov. |
| 31 | MAST Myanmar Technology Co., Ltd. | PermaNet*2.0 long-lasting insecticidal net | P2018-4274 | Prov. |
| 32 | Myanmar Wai Fung Agriculture Co., | RDF Assault | P2018-4437 | Prov. |
| 33 | Myanmar Wai Fung Agriculture Co., | NPS Sentry | P2018-4267 | Prov. |
| 34 | Myanmar Wai Fung Agriculture Co., | NPS Easy | P2018-4268 | Prov. |
| 35 | Myanmar Golden Sun Crop Science Co., | Trustco Defender 30 WP | P2018-4469 | Prov. |
| 36 | Myanmar Wai Fung Agriculture Co., | Shwe Yan Kinn | P2018-1930 | Prov. |
| 37 | Marga Min Co., Ltd. | Pilar-Poe Yanthu | E2021-5275 | Exp. |
| 38 | Shwe Sike Khinn Co., Ltd. | Etox | E2021-5294 | Exp. |
| 39 | Bloom Trading & Manufacturing Group Ltd. | Pin Sein FZP 15 EC | P2018-4283 | Prov. |
| 40 | Wi Sar Ra International Co., Ltd. | Pwe Taine Kyaw 70EC | E2021-5315 | Exp. |
| 41 | Evogro Co., Ltd. | Evo Nomore Weed 70EC | E2021-5319 | Exp. |
| 42 | Myanmar Kaung Thu Kha Co.,Ltd. | Two-Plus 70 EC | E2021-5324 | Exp. |
| 43 | Myanma Awba Group Co., Ltd. | Pal Thet Shae 70 EC | E2021-5329 | Exp. |
| 44 | Close Friend Co., Ltd. | Halo-P-M 10.8 EC | P2018-4330 | Prov. |
| 45 | Myanmar Wai Fung Agriculture Co., | HD Elite | P2018-4450 | Prov. |
| 46 | Myanmar Wai Fung Agriculture Co., | RDF Better | P2018-4447 | Prov. |
| 47 | Agro Green Land Chemical Co., | Foison Excellent 50WP | P2018-4228 | Prov. |
| 48 | Aventine Limited | Armo Zoxim | P2018-1499 | Prov. |
| 49 | Myanmar Arysta LifeScience Co., | Matco 72 WP | F2013-736 | Full |
| 50 | Myanmar Arysta LifeScience Co., | Indofil M-45 | F2013-401 | Full |
| 51 | International Diamond Group Sein Kong Trading Co., | SUPERB SMOKELESS MOSQUITO COILS | P2018-4379 | Prov. |
| 52 | International Diamond Group Sein Kong Trading Co., | SUPERB SLIGHT-SMOKE MOSQUITO COILS | P2018-4378 | Prov. |
| 53 | Shwe Sike Khinn Co., Ltd. | Mezone | E2021-5295 | Exp. |
| 54 | Aventine Limited | Armo Snailcide 5%GB | P2018-4163 | Prov. |
| 55 | Myanmar Wai Fung Agriculture Co., | NPS Sweeper | P2018-4440 | Prov. |
| 56 | Marlarmyaing Public Company | Sencor 70 WP | P2018-2346 | Prov. |
| 57 | Myanmar Wai Fung Agriculture Co., | RDF Hunter | P2018-4441 | Prov. |
| 58 | Myanmar Shwe Thein Trading Co., | ZB-Away | P2018-4362 | Prov. |
| 59 | Myanmar Health & Development Consortium (MHDC) | Insect Shield Repellent Apparel | P2018-4168 | Prov. |
| 60 | Myanmar Health & Development Consortium (MHDC) | Insect Shield Repellent Gear | P2018-4169 | Prov. |
| 61 | MM Import Export Co., Ltd. | MOSFLY LIQUID VAPORIZER | P2018-4070 | Prov. |
| 62 | Myanmar Wai Fung Agriculture Co., | HD Close | P2018-4423 | Prov. |
| 63 | Myanmar Wai Fung Agriculture Co., | BZ Sniper | P2018-4434 | Prov. |
| 64 | MM Import Export Co., Ltd. | IMP-Propoxur Technical | P2018-4074 | Prov. |
| 65 | Topagri Myanmar Co., Ltd. | Top-Leader 10 WP | P2018-4451 | Prov. |
| 66 | Close Friend Co., Ltd. | Lightning 50 WP | P2018-4329 | Prov. |
| 67 | Pan Ei Myaing Co., Ltd. | Son Bean 5 EC | P2018-4403 | Prov. |
| 68 | Sumitomo Corporation Co., Ltd. | Nabu-S 12.5 EC | P2018-010 | Prov. |
| 69 | Myanmar Wai Fung Agriculture Co., | NPS Stronger | P2018-4426 | Prov. |
| 70 | Myanmar Wai Fung Agriculture Co., | BZ Wall | P2018-4416 | Prov. |
| 71 | Agriwest Myanmar Co.,Ltd. | NAB-Tebuconazole 95 TC | P2018-4491 | Prov. |
| 72 | Myanmar Wai Fung Agriculture Co., | RDF Predator | P2018-4266 | Prov. |

မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

## ပိုးသတ်ဆေး(၇)မျိုးအား မှတ်ပုံတင်ဖျက်သိမ်းကြောင်း ကြေညာခြင်း

(၂၈-၅-၂၀၂၄)နေ့တွင်ကျင်းပခဲ့သော (၄၂ )ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကုမ္ပဏီများမှ မှတ်ပုံတင်ဖျက်သိမ်းလိုကြောင်း တင်ပြလာသည့် ပိုးသတ်ဆေး (၇) မျိုးအား မှတ်ပုံတင်ခွင့်ပြုထားသည့် ပိုးသတ်ဆေးစာရင်းမှ ဖျက်သိမ်းကြောင်းကြေငြာပါသည်။ ၎င်းဆေးများအား ဈေးကွက်အတွင်း ဆက်လက်ဖြန့်ဖြူးရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိရပါက ပိုးသတ်ဆေးဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ဖြန့်ဖြူးသူ | ကုန်သွယ်မှု အမည် | မှတ်ပုံတင် နံပါတ် | မှတ်ပုံတင် အမျိုးအစား |
|---|---|---|---|---|
| 1 | Myanmar Golden Sun Crop Science Co., | Trustco Aphidcure 5EC | P2019-4556 | Prov. |
| 2 | Myanmar Golden Sun Crop Science Co., | S-KILL | P2019-4572 | Prov. |
| 3 | Anawrahta Production Co.,Ltd. | K4-Zoxy 250 SC | P2019-4585 | Prov. |
| 4 | Myanmar Golden Sun Crop Science Co., | HYDRAW | P2019-4518 | Prov. |
| 5 | Myanmar Golden Sun Crop Science Co., | Methomorph | P2019-4517 | Prov. |
| 6 | Myanmar Golden Sun Crop Science Co., | Trustco Spidekiller 20 WP | P2019-4532 | Prov. |
| 7 | Myanmar Golden Sun Crop Science Co., | NITRO | P2019-4573 | Prov. |

မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ မြေကွက်အမှတ် (၃၅၅/၁)၊ ဧရိယာ (၁၁.၄)ဧကရှိ ဦးဝင်းဇော်ဦး (၁၂/ဒဂရ (နိုင်) ၀၀၂၁၈၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးဝင်းဇော်ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၅၈/၂၀၂၁)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မြင့် (၁၃/လရန (နိုင်) ၀၈၁၄၀၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ ဗိုလ်ဗစိုး(၂)လမ်း၊ မြေကွက်အမှတ် (၃၄၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ ပေ)ရှိ ဦးတင်လှဦး (AA-၁၄၄၄၄၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၃၄၄)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းအောင် (၁၂/ဗဟန (နိုင်) ၀၄၄၄၄၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေ ပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးကျော်စိုးဦး
LL.B,
အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၇

## ပတ်စ်ပို့ပျောက်ဆုံးခြင်း

မြိတ်မြို့၊ အတွင်းရေပုန်းရပ်၊ ပုလဲရွှေစင်လမ်းနေ ဦးမြင့်ကို၏ သမီး ဒေါ်ရတနာမိုးမြင့် ၆/တသရ (နိုင်) ၀၆၁၄၇၅ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၈၂၈၃၄၀၀**

## အမည်မှန်

ပခုက္ကူမြို့၊ ရာပြည့်စံ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9(B)မှ (ဘ)ဦးဇော်မင်း၏သား မောင်ဇေယျာမင်းထက်၏ အမည်မှန်မှာ မောင်ဟန်သာဦး ဖြစ်ပါကြောင်း။

**မောင်ဟန်သာဦး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် ၁/ပဒေသာ၊ ဦးပိုင်အမှတ်(၉၉)၊ မြေဧရိယာ (၀.၀၄၆) ဧကရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး၊ ဂရန်သစ် လျှောက်ထားနိုင်ရေး ဒေါ်မြင့်မြင့်ချို ၆/ကသန(နိုင်) ၀၂၁၄၄၈မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဝါကဖ် (ဖ်) လှူဒါန်းပြီးကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉-လမ်း၊ အိမ်အမှတ် ၄၄၊ ပထမ (၂-လွှာ) နေ ဒေါ်မြင့်မြင့်ရီ (၁၂/မဂတ(နိုင်) ၀၆၇၄၆၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြင့်မြင့်ရီ (၁၂/မဂတ(နိုင်)၀၆၇၄၆၃) တရားဝင်အမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန် တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉-လမ်း၊ အိမ်အမှတ် (၄၄) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၁ B)၊ မြေကွက်အမှတ် ( V ၅၂၆)၊ အကျယ်အဝန်း (၂၉' ၄") x (၃၈' ၆")၊ ဧရိယာ (၀.၀၂၅)ဧက၊ (၁၁၂၉) စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၆)ထပ်တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (**အခန်းအပျောက်စနစ်ဖြင့် ဝယ်ယူနေထိုင်သူများမပါ**) တို့အား ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၁၄၂) ရှိ "ကာလားဘတ် (စ်) တီစွန်နီဂျာမေဗလီ" ဝတ်ကျောင်းတော်သို့ ထာဝရလှူဒါန်းပြီးကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၈၇၉၂)**

| | | |
|---|---|---|
| **ဒေါ်နီနီဝင်း(LL.B)** | **ဒေါ်နှင်းဝေလွင်(LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၄၃၀၅)** | **(စဉ်-၅၅၇၆၄)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၃၆)၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉ ၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၅၉၊ ၀၉-၇၈၀၀၅၄၀၆၀**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ ကွင်း/အကွက်အမှတ်(၈၄၆/စမ်းမြို့ရပ်)၊ ဦးပိုင်အမှတ်(၁၀၇၀/ခ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဝင်းမြေအား ဦးမျိုးမင်းထွန်း၅/ကလထ (နိုင်)၀၈၄၉၇၉နှင့် ဒေါ်ထွေးထွေး ၅/ကလထ(နိုင်)၂၃၁၄၇၄တို့က ၎င်းတို့အမည်ဖြင့် မြေဂရန်အသစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ စသည့်အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းထွန်း-ဒေါ်ထွေးထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး(LL.B) တရားလွှတ်တော်ရှေ့နေ စဉ်-၉၂၁၆/၂၀၁၃**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့။**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ မဟာသီရိလမ်း၊ မြေကွက်အမှတ်(၃၄၀/ခ)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ ဦးတင့်လွင်အေး (ခ) ဦးထိန်လင်းအေး (၁၂/ဗဟန (နိုင်) ၀၈၀၄၅၇) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးတင့်လွင်အေး (ခ) ဦးထိန်လင်းအေး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ ဗြဟ္မစိုရ်လမ်း၊ မြေကွက်အမှတ် (၄၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးဗချီ (၁၂/ဥကတ (နိုင်) ၀၁၈၄၂၂) ( K/ RGN-၀၂၁၈၀၂)နှင့် ဒေါက်တာကြည်ကြည်ဝင်း (၁၂/မဂတ (နိုင်) ၀၂၂၇၂၀) ( K/ RGN- ၀၂၈၈၂၉)တို့(၂)ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မေမိုးသန္တာ (၁၂/ဗဟန (နိုင်) ၀၉၄၅၆၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)** |

**၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)
### လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂

| | | |
|---|---|---|
| ဦးမောင်မြင့် | **နှင့်** | ဒေါ်သိင်္ဂီတင် |
| **(တရားလို)** | | **( တရားပြိုင် )** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ FMI အိမ်ရာ၊ သဇင်(၃)လမ်း၊ အမှတ်(126/B)နေ တရားပြိုင် ဒေါ်သိင်္ဂီတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်မြင့်က "ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်(၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ရက်)နေ့ မွန်းမတည့်မီ၁၀နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြူဖြူ)
မြို့နယ်တရားသူကြီး
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈

| | | |
|---|---|---|
| ဒေါ်တိုးထက်ထက်ယဉ် | **နှင့်** | ၁။ ဒေါ်သိန်းမြင့် |
| | | ၂။ ဦးလှကြည် |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယလမ်း၊ အမှတ် (၃၄၄)နေ ၁။ ဒေါ်သိန်းမြင့်၊ ၂။ ဦးလှကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်းအိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်) နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင် လ ၂၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းစန္ဒာဦး)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၁၃၊ ဦးပိုင်အမှတ် (၂၁)၊ သိပ္ပံလမ်းမျက်နှာပြူ ၅၇X၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကော့မိုင်၏ (SPရရှိသူ ဦးတင်မောင်အေး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၉၀၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မျိုးနွယ် ၉/မနမ(နိုင်)၁၀၁၀၀၄က အမှုတွဲအမှတ်(၂၂၅၅/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းချရန် ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
### အောင်လံခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၀

| | | |
|---|---|---|
| မြန်မာနိုင်ငံသားများဘဏ်လီမိတက် (အောင်လံဘဏ်ခွဲတာဝန်ခံမန်နေဂျာ ဦးသန့်ဇော်) | **နှင့်** | ၁။ ဦးလှမင်းဟန် ၂။ ဒေါ်တင်ဝင်းညွန့် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

အောင်လံခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂၁/၂၀၂၂ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ( ၂၆ )ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၇ရက်နေ့) နံနက်(၁၀:၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ တိုးချဲ့အကွက်အမှတ်-၂၄၊ ဦးပိုင်အမှတ်-၁၆၊ ဧရိယာ (၀.၁၁၀)ဧကရှိ ဦးလှမင်းဟန် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုပ်ညှပ်နှစ်ထပ်တိုက် အဆောက်အဦး။

**လေလံကြမ်းခင်းဈေး ငွေကျပ်သိန်း (၈၃၀) သတ်မှတ်သည်။**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်၊ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်သည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင် လ ၁၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(စန်းစန်းဌေး)**
**ခရိုင်တရားသူကြီး**
**အောင်လံခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/7745 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် ခ-၆၊ ဦးပိုင်အမှတ်(၅၉)၊ ၆၇(B)လမ်း၊ ၄၁X၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေး၏ (SPရရှိသူ ဒေါ်ထက်ထက်မောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၀၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးကျော်ကျော်ဦး ၁၃/တကန(နိုင်)၃၀၇၈၇၂၏ (SPရရှိသူ ဒေါ်ထက်ထက်မောင်)က အမှုတွဲအမှတ်(၂၂၆၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အရောင်းအဝယ်ဖျက်သိမ်းပြီးပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးဖြိုးမင်းနိုင် ၁၃/တကန(နိုင်)၂၄၇၆၂၆နှင့် ကျွန်မ ဒေါ်မေထက်အောင် ၁၃/တကန(နိုင်)၂၄၇၆၂၈ တို့ အမွေဆက် ခံပိုင်ဆိုင်နေထိုင်လျက်ရှိသော(ယခင်)ရန်ကုန်မြို့၊ အင်းစိန်ခရိုင်၊ အင်းစိန်စီရင်စု၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ်(၂၇၊ ၂၉၊ ၃၀)၊မြေကွက်အမှတ်(၇၃)၊ ဧရိယာ ၀.၀၅၅ဧက၊ (ယခု)ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/ခ)၊ မြေကွက်အမှတ်(၇၃)၊ အမှတ်(၁၀၄)၊ ရတနာမဥ္ဇူလမ်း၊ ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ အကျယ်အဝန်း(၄၀X၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ (၂၀X၆၀)မြေကွက်နှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နွေးနွေးစံ ၁၂/ခရန(နိုင်)၀၉၉၅၀၇ မှ ဝယ်ယူလိုကြောင်း ကမ်းလှမ်း၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ အားပေးချေခဲ့ပြီး ၉-၇-၂၀၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထည့်ခဲ့ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိသော်လည်း ဒေါ်နွေးနွေးစံဘက်မှ အပြီးသတ်ငွေပေးချေရန် (၃)ကြိမ်တိုင်တိုင် ပျက်ကွက်ခဲ့ပါသဖြင့် ဒေါ်နွေးနွေးစံနှင့် ပြုလုပ်ဆောင်ရွက်ဆဲဖြစ်သော မြေနှင့်အိမ်အရောင်းအဝယ်အား စရန်ပေးစာချုပ်ပါ စည်းကမ်းချက်များ၊ ဥပဒေများနှင့်အညီ ဖျက်သိမ်းပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးမင်းနိုင် ၁၃/တကန(နိုင်)၂၄၇၆၂၆**
**ဒေါ်မေထက်အောင် ၁၃/တကန(နိုင်)၂၄၇၆၂၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၉၅၂၈၅ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/4269 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းဦး ၃/ကကရ(နိုင်)၂၉၈၃၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၉၃၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလင်းမောင် ၁၀/မလမ(နိုင်)၂၈၂၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ဟ/၅၆၆၃၂, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အုန်း ၆/လလန(နိုင်)၁၁၇၀၃၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/46682, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခွန်အောင်မိုး ၃/ဘအန(နိုင်)၂၁၅၇၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(ဘားအံမြို့)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေ အမိန့် - ၂၁၊ နည်းဥပဒေ -၂၂)**

**ထားဝယ်ခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၀ နှင့် ဆက်နွယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၇။**

ကမ္ဘာ့ရတနာဘဏ် (၎င်း၏ကိုယ်စား ဦးဇော်ဇော်အောင် ဘဏ်ခွဲတာဝန်ခံ) **(ဒီကရီအနိုင်ရသူ)** နှင့် ဦးမျိုးမင်းထွန်း **(တရားရှုံး)**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ တောင်ရတနာရပ်၊ ရပ်ကွက်ကြီး(၇)၊ စိန်ချယ်လမ်း၊ အမှတ်(၅၃)နေ တရားရှုံး ဦးမျိုးမင်းထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်၂၀ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ကမ္ဘာ့ရတနာဘဏ်(၎င်းကိုယ်စား ဦးဇော်ဇော်အောင် ဘဏ်ခွဲတာဝန်ခံ) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၁၇)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းနိုင်ထွေး)**
**ခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

## လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ပုလဲဒီပါရပ်ကွက်၊ ရှမ်းလမ်းနေ၊ ဒေါ်ပန်းအိဖြူ (ဘ) ဦးဇော်မင်း ၆/မမန (နိုင်)၂၄၄၉၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပန်းအိဖြူ (ဘ)ဦးဇော်မင်း ၆/မမန (နိုင်)၂၄၄၉၆၈နှင့် ခင်ပွန်းဖြစ်သူ ဦးစိုးလင်း (ဘ)ဦးချင်းဟိုတို့မှာ မြိတ်မြို့နယ် တရားရုံးတော်၌ ကွာရှင်းစာချုပ် အမှတ် ၀၃၄/၂၀၂၄ (၂၅-၇-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်၍ နောက်နောင် ဦးစိုးလင်းနှင့် ပတ်သက်သော အရှုပ်အရှင်းကိစ္စအဝဝကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပန်းအိဖြူမှ(လုံးဝ)လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းအများ သိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ပန်းအိဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စန်းမော်ဦး LL.B** | **ဦးထက်နိုင်လင်း LL.B** |
| **တရားလွှတ်တော်ရှေ့ (စဉ်-၁၇၅၃၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၁၀)** |
| **မီးသွေးဖောင်းလမ်း၊ ဘုရားကိုင်ရပ်၊** | **အေးချမ်းဖြူစင်လမ်း၊** |
| **မြိတ်မြို့** | **တရုတ်တန်းရပ်၊ မြိတ်မြို့** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် လလ-၄၁၊ ဦးပိုင်အမှတ် (၁+၂ အတွင်းမှ ခဲစင်းပြ(၁-ခဲစင်း)၊၅၆x၅၇လမ်းကြား၊ မက္ခရာလမ်းနှင့် တပင်ရွှေထီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်နန်းကြင်၏ (SPရရှိသူ ဦးမင်းထွန်းဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၂၈၀၆/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းဦး ၁၂/ပဗတ(နိုင်)၀၁၄၉၂၀(မိမိကိုယ်တိုင်နှင့် ဒေါ်ဝင်းလဲ့လဲ့ဖြူ ၁၂/ပဗတ(နိုင်)၀၃၄၅၁၁၏ (SPရရှိသူ ဦးသန်းဦး)တို့က အမှုတွဲအမှတ်(၂၅၄၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9A/1893 ယာဉ်လက်ဝယ်ရှိသူ ဦးရန်လင်းအောင် ၂/ဒမဆ(နိုင်)၀၃၀၂၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/71911 ယာဉ်လက်ဝယ်ရှိသူ ဦးကြာလှိုင် ၇/ကတခ(နိုင်)၀၃၈၂၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**တောင်ငူခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀**

ဦးဝင်းကြိုင် **(တရားလို)** နှင့် ဦးစိန်တိုး **(တရားပြိုင်)**

ဦးစိန်တိုး(ဘ)ဦးတိုးမောင်၊ ဗိုလ်မှူးဗထူးလမ်း၊ (၃၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်ပေါ်၌ တရားလို ဦးဝင်းကြိုင်က "အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၈ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**တောင်ငူခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)**

**တောင်ငူခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁**

ဦးအောင်ကျော် **(တရားလို)** နှင့် ဦးစိန်တိုး **(တရားပြိုင်)**

ဦးစိန်တိုး(ဘ)ဦးတိုးမောင်၊ ဗိုလ်မှူးဗထူးလမ်း၊ (၃၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ကျော်က "အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ရက်(၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆုတ် ၉ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်၊

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**တောင်ငူခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင် ရပ်ကွက်၊ အကွက်အမှတ် မ-၅၀၊ ဦးပိုင်အမှတ်(၁၇)၊ ၅၃X၅၄လမ်းကြား၊ ၃၉X ၄၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စိန်လှဖြူ ၁၂/ရကန(နိုင်)၀၁၆၆၃၄က အမှုတွဲအမှတ်(၂၅၄၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ မဟာမြိုင် အိမ်ရာ၊ တိုက်(၃၂)၊ အခန်း(C-5) ဟုခေါ်တွင်သော ရေမီးအစုံပါဝင်သည့်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်တင့် (၇/ပခန(နိုင်)၀၄၉၁၀၂)မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြည်လွင်က သဘောရိုးဖြင့် ယုံကြည်ပြီး အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်တိုက်ခန်း၏ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) များနှင့်တကွ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီရိခိုင် LL.B, D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၉၅၅)**
**အမှတ်- ၁၈၊ ဥယျာဉ်လမ်း၊ မကျည်းတန်းမြောက်/အနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၅၀၇၈၀**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ ဆီဆုံရပ်၊ ကျိုက်ဖနဲဘုရားလမ်း၊ အမှတ် (၉၆) နေ ဦးမာမက်ဇကရီယား၏သား ဦးအောင်လင်းထွဋ် ၁၀/မလမ(နိုင်) ၃၁၄၈၄၇၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၄၁၂၂၆၆၈

## ကန့်ကွက်နိုင်ပါသည်

